# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ ရက်နေ့ — 

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 8 September 2024 ၁၁၅၇၄


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy တွင် ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၂၂ ) ရက်သာ လိုတော့သည်။



ကြေးမုံ

# စာတတ်မြောက်ရေးမှတစ်ဆင့် ငြိမ်းချမ်းသာယာမှုကိုဆောင်ကြဉ်း

ယနေ့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်သည်။ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် “အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့” ဆောင်ပုဒ်ကို ချမှတ်ထားသည်။ ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ ထူးခြားချက်မှာ ကမ္ဘာတစ်ဝန်းရှိ လူမျိုးပေါင်းစုံတို့၏ ဘာသာစကားအလိုက် တတ်မြောက်နားလည်မှုမှသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး ချစ်ကြည်ရင်းနှီးမှုကို ရည်ညွှန်းထားဟန်တူသည်။

ယင်းဆောင်ပုဒ်သည် အပြန်အလှန်နားလည်မှုနှင့်ငြိမ်းချမ်းမှုကို ဦးတည်သည်ဟုဆိုနိုင်သည်။ ယနေ့ကမ္ဘာကြီးတွင် မတူကွဲပြားခံယူချက်များနှင့် သဘောထားခြားနားမှု အကျိုးဆက်များကြောင့် တစ်ဦးနှင့်တစ်ဦး ပဋိပက္ခအသွင်ဆောင်မှုများ ရှိနေသည်။ ထို့ကြောင့် နိုင်ငံအလိုက်သော်လည်းကောင်း၊ လူမျိုးအလိုက်သော်လည်းကောင်း အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းမှုကို ခိုင်မာအောင်တည်ဆောက်မှုများ လိုအပ်လျက်ရှိသည်။ အပြန်အလှန်နားလည်ရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် အသိဉာဏ်ပညာများ တိုးတက်မြင့်မားပြီး ဆင်ခြင်တုံတရားများ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

လူတစ်ဦးချင်းနှင့်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကမ္ဘာလုံးဆိုင်ရာ စာတတ်မြောက်ရေး အထိမ်းအမှတ်များသည် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ဦးဆောင်၍ ကမ္ဘာ့နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ကိုယ်စားလှယ်များဖြင့် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်ကို အီရန်နိုင်ငံ တီဟီရန်မြို့၌ ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပခဲ့သည်။ ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် စတင်ကျင်းပခဲ့သည့်နေ့ကို အကြောင်းပြု၍ နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးကို မြှင့်တင်နိုင်ရန်အတွက် ပညာရေးနှင့် စာတတ်မြောက်ရေးတို့ကို မြှင့်တင်နိုင်ခြင်းသည် သိသာထင်ရှားသော အကျိုးကျေးဇူးများကို ရရှိစေခဲ့သည်။ ဘာသာစကားမျိုးစုံ သင်ယူခြင်းသည် လူတစ်ဦးချင်းစီ၏ ကွဲပြားသောယဉ်ကျေးမှုများကို နားလည်သဘောပေါက်စေပြီး ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်နှင့် စာနာနားလည်မှုတို့ကို တိုးပွားစေကာ ရန်လိုမုန်းထားမှုများကို လျှော့ချပေးနိုင်သည်။ ထို့ကြောင့် နိုင်ငံအလိုက်၊ လူမျိုးအလိုက် စာတတ်မြောက်ရေးကို အလေးထားဆောင်ရွက်ခဲ့ကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း စာတတ်မြောက်ရေးတွင် သိသာထင်ရှားသော အောင်မြင်မှုမှတ်တိုင်များကို စိုက်ထူနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ရှေးခေတ်ကာလကတည်းက ဘုန်းတော်ကြီးသင် စာပေသင်ကြားနိုင်မှု အကျိုးကျေးဇူးများကြောင့် ကျေးလက်ပြည်သူများပါ စာတတ်မြောက်ကြပြီး စာတတ်မြောက်မှုနှုန်း ၈၅ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့သည်။ နယ်ချဲ့လက်အောက်တွင် စာတတ်မြောက်မှုနှုန်း ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သော်လည်း လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် စာမတတ်သူပပျောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အခြေခံပညာရေး၏ အဓိကအရင်းခံမှာ စာတတ်မြောက်ရေးဖြစ်သဖြင့် လူထုပညာရေးသင်တန်းနှင့် “အ”သုံးလုံးကျေသင်တန်းများကို လေးနှစ်စီမံကိန်းအလိုက် အကောင်အထည်ဖော်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် မိတ္ထီလာခရိုင်ကို ခရိုင်လုံးကျွတ် စာတတ်မြောက်သည်အထိ သတ်မှတ်ကြိုးပမ်းခဲ့ရာ ၁၉၇၁ ခုနှစ်တွင် မိတ္ထီလာခရိုင်သည် တစ်နိုင်ငံလုံး၌ ပထမဆုံး စာတတ်မြောက်သည့်ခရိုင်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ဧရာဝတီနှင့် မွန်ပြည်နယ်တို့တွင် တိုင်း/ပြည်နယ်လုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲဆင်နိုင်ခဲ့သည်။ စာတတ်မြောက်ရေးကို ပြည်သူအားလုံး၏ ပါဝင်လှုပ်ရှားမှုအဖြစ် ကမ္ဘာသိကြိုးပမ်းဆောင်ရွက်နိုင်သောကြောင့် ကုလသမဂ္ဂ UNESCO အဖွဲ့ကြီးက ၁၉၇၁ ခုနှစ်တွင် မိုဟာမက် ရီဇာပါလာဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် နိုမာဆုတို့ဖြင့် စာတတ်မြောက်ရေးအထိမ်းအမှတ်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၁၉၈၈ ခုနှစ်တွင် ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းမြင့်မားခဲ့ပြီး သက်ကြီးစာတတ်မြောက်မှုမှာ ၉၁ ရာခိုင်နှုန်းအထိ အောင်မြင်ခဲ့သည်။ ၂၀၀၅ ခုနှစ်မှစတင်၍ နှစ်စဉ်စာတတ်မြောက်မှုနှုန်းများ တိုးတက်လာပြီး ၂၀၁၁ ခုနှစ်တွင် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၅ ဒသမ ၀၈ ရာခိုင်နှုန်းအထိ အောင်မြင်တိုးတက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ပြီး ပညာရေးတွင် လူတိုင်းပါဝင်နိုင်အောင် ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပပညာရေးတို့ကို အကောင်အထည်ဖော်လျက်ရှိရာ စာတတ်မြောက်မှုမှသည် စာဖတ်စွမ်းရည်မြင့်မားလာသည့် အကျိုးကျေးဇူးများရရှိပြီး ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်လောကကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ဖြည့်စွက်ခန့်ထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၇ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ဖြည့်စွက်ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ခန့်ထားလိုက်သည် -

(၁) ဦးဝင်းလှိုင်ဦး (ခ) ကုန်ဇမှုန်း
ဂေါပကအဖွဲ့ဝင်
စိန်မေရီကက်သလစ်ဘုရားကျောင်း

(၂) ဦးသန်းဝင်း
ဂေါပကအဖွဲ့ဝင်
ပိန္နဲကုန်းဂျာမေဗလီ

(၃) ဦးတင်ကိုကို
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၈ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)
တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ချင်းပြည်နယ်အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးဌာနဝန်ကြီး ဦးဟန်ကျင့်ဇမ်းအား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## အောင်မြေသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မျိုးချစ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၄၇ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၇၃ ပါးနှင့် ကျောင်းသားကျောင်းသူ ၂၄ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❍ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Naypyitaw State Academy သို့ ရောက်ရှိကြပြီး တက္ကသိုလ်ပရိဝုဏ်အတွင်း ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှု၊ တက္ကသိုလ်အတွင်း ဘွဲ့နှင်းသဘင်ခန်းမနှင့် စာသင်ဆောင်များ ဆောက်လုပ်လျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး တက္ကသိုလ်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပစေရေး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ဗုဒ္ဓဂယာ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Naypyitaw State Polytechnic University သို့ရောက်ရှိကြပြီး ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှု၊ အဆောက်အဦများ ဆောက်လုပ်လျက်ရှိမှုနှင့် ဘောလုံးကွင်း တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ဗုဒ္ဓဂယာ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ဆက်လက်၍ မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်မှတ်တမ်း ဓာတ်ပုံများ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုပြီး စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညို၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုစလိန္ဒာရေအိုင်နှင့် နဂါးရုံဘုရား၊ မြတ်စွာဘုရား တရားဦးဟောတော်မူရာ ဣသိပတန မိဂဒါဝုန်တော၊ မြတ်စွာဘုရား မဟာပရိနိဗ္ဗာန်စံဝင်တော်မူရာ အင်ကြင်းတောနှင့် မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်တို့ကို လှည့်လည်ဖူးမြော်ကြည်ညို၍ သံဃာတော်များ နားနေဆောင်များနှင့် ဓမ္မာရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြမှုများအပေါ် စေတီတော်ကြီး ပရိဝုဏ်တော်အတွင်း ချုံနွယ်ပေါင်းမြက်များမရှိစေရေး ဆောင်ရွက်ရန်၊ အမြဲသန့်ရှင်း သာယာလှပနေစေရေး ဆောင်ရွက်ရန်၊ စေတီတော်ကြီးနှင့် အခြားအဆောက်အဦများ ရေရှည်တည်တံ့စေရေး စနစ်တကျပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားရန်၊ သံဃာတော်နားနေဆောင်များ သန့်ရှင်းမှုရှိနေစေရေး ဆောင်ရွက်ရန်၊ ဓမ္မာရုံကြီး၏ မျက်နှာကြက်နှင့် ကြမ်းခင်းပျက်စီးနေမှုများအား စနစ်တကျ ပြုပြင်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက် ဝဇီရာဓမ္မဇောတိကာ သိမ်တော်ကြီးသို့ ရောက်ရှိပြီး သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ ဆက်လက်၍ ကျောင်းထိုင်ဆရာတော် ဝိနယဓရ၊ ဥဘတောဝိဘင်္ဂ ကောဝိဒ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တ ဇောတိဝရ အား ဖူးမြော်ကြည်ညို၍ စာသင်သံဃာများ စာသင်ကြားနေမှု အခြေအနေများနှင့် ကျောင်းအတွက် လိုအပ်ချက်များကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ဗုဒ္ဓဂယာတွင် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။





**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Polytechnic University တွင် ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကား ပြောကြားစဉ်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

## သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ် (၁၆)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိအခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ်ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီသစ်ပင်စိုက်ပွဲများကို ပြုလုပ်လျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိသက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက်အလွန်အရေးပါပြီး စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာ ထိန်းသိမ်းရေး စသည့် တိုက်ရိုက်အကျိုးကျေးဇူးများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိကြောင်း။

**"မိုးပေါ်ကရေ မြေပေါ်ကတော၊ မိုးရေကို ငွေလိုစု၊ ရွှေဥတဲ့တော"** ဆိုသည့်အတိုင်း သစ်ပင်သစ်တောများသည် ရေအရင်းအမြစ်များ၊ ရေသယံဇာတများကို ထိန်းသိမ်းပေးသည့်အတွက် အလွန်အဖိုးတန်လှကြောင်း၊ သစ်ပင်များ၏အမြစ်များသည် မြေဆီလွှာကို ကုပ်တွယ် ထိန်းသိမ်းထားပြီး ရွက်အုပ်ပင်စည်များနှင့် အတူ မြေပြင်တွင် ရေစီးဆင်းမှု၊ ရေစိမ့်ဝင်မှုများကို ထိန်းချုပ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် သဘာဝရေစစ်ကန်၊ ရေလှောင်ကန်များ သဖွယ် အကျိုးပြုလျက်ရှိပြီး စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိကြောင်း။

ရေချိုအရင်းအမြစ်များဖြစ်သည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် ဆည်တာတမံများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသရှိ သစ်ပင်သစ်တောများကို ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ **"ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ၊ သစ်ပင်ရံမှ သဏ္ဌာန်လှပမြေထာဝရ"** ဆိုသည့်အတိုင်း သစ်ပင်သစ်တောများရှိမှသာ မြေတိုက်စားမှု၊ ရေတိုက်စားမှုများမှ ကာကွယ်ပြီး ဆည်များရေရှည်တည်တံ့စေမည် ဖြစ်ကြောင်း၊ လတ်တလော ကြုံတွေ့နေရသည့် ရေကြီးရေလျှံမှုများသည် ရေဝေရေလဲသစ်တောများ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးပျက်စီးခြင်း၊ **စာမျက်နှာ ၅ သို့** ❂



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သစ်ပင်စိုက်ပျိုးပေးစဉ်။

**ယခုနှစ်အတွင်း မြန်မာနိုင်ငံဒေသအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကို လေ့လာကြည့်ပါက ယခင်ကတစ်ခါတစ်ရံသာ ရေကြီးခဲ့သည့်မြို့များ၌ ယခုအခါ နှစ်စဉ်ဆိုသလို ရေကြီးရေလျှံမှုများ ကြုံတွေ့လာရသည်ကိုတွေ့ရကြောင်း၊ သဘာဝကိုကောင်းအောင်ဖန်တီးသည်မှာ လူသားများဖြစ်သကဲ့သို့ ဆိုးအောင်ဖန်တီးသည်မှာ လူသားများပင်ဖြစ်ကြောင်း၊ လူသာလျှင်ပဓာနဖြစ်သည့်အတွက် သဘာဝသစ်တောများ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ တောနိမ့်တောပါးနေရာများတွင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ရေဝေရေလဲရေိယာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားကြမည်ဆိုလျှင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာ ကာကွယ်လျှော့ချသွားနိုင်မည်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❂ စာမျက်နှာ ၄ မှ

နုန်းအနည်အနှစ်များ ပို့ချမှုများခြင်း၊ ရေစီးရေလာများ ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် ပျက်စီးခြင်း၏ အကျိုးဆက်များပင်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းအပူပိုင်းဒေသစိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိစေရန်၊ အပူဒဏ်လျော့ပါး သက်သာစေရန်၊ ကျေးလက်နေပြည်သူများအတွက် ထင်း၊ တိုင်၊ မျောစသည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် သစ်တောစိုက်ပျိုးရေးကို မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးအတွက် အမြဲမပြတ်ပြုစုထိန်းသိမ်း စောင့်ရှောက်ရန်လည်း အလွန်အရေးကြီးကြောင်း။

ယခုနှစ်အတွင်း မြန်မာနိုင်ငံဒေသအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကို လေ့လာကြည့်ပါက ယခင်ကတစ်ခါတစ်ရံသာ ရေကြီးခဲ့သည့် မြို့များ၌ ယခုအခါ နှစ်စဉ်ဆိုသလို ရေကြီးရေလျှံမှုများ ကြုံတွေ့လာရသည်ကိုတွေ့ရကြောင်း၊သဘာဝကိုကောင်းအောင်ဖန်တီးသည်မှာ လူသားများဖြစ်သကဲ့သို့ ဆိုးအောင်ဖန်တီးသည်မှာ လူသားများပင်ဖြစ်ကြောင်း၊ လူသာလျှင်ပဓာနဖြစ်သည့်အတွက် သဘာဝသစ်တောများ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ တောနိမ့်တောပါး နေရာများတွင် သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ ရေဝေရေလဲဧရိယာများတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားကြမည်ဆိုလျှင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာ ကာကွယ်လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း။

**“သစ်တောများသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်အကျိုးစီးပွားနှင့် အနာဂတ်ဖွံ့ဖြိုးမှု” ဟု** ဆိုသည့်အတိုင်း သဘာဝသယံဇာတ အမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်းထိန်းသိမ်း ပြုစုစောင့်ရှောက်မှသာ နောင်သားစဉ် မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး သဘာဝအရင်းအမြစ်များ ကြွယ်ဝသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို လက်ဆင့်ကမ်းပေးနိုင်မည် ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်း မြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင်စိမ်းလန်းစိုပြည်သာယာစေရေးအတွက် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း Landscape များကို စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကံ့ကော်ပင်အား သတ်မှတ်နေရာတွင်ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့်ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ယနေ့အထိ နိုင်ငံအဆင့် သစ်ပင်စိုက်ပွဲတော် ၁၀ ကြိမ်၊ စိုက်ပင်ပေါင်း ၁၇၆၇၇ ပင်၊ နိုင်ငံနှင့်တစ်ဝန်း သစ်ပင်စိုက်ပွဲတော် ၁၅၈၄ ကြိမ်၊ စိုက်ပင်ပေါင်း ၁ ဒသမ ၁၃၈ သန်းကျော်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်လျက်ရှိရာ၌ ယခုနှစ်အပါအဝင် နိုင်ငံတစ်ဝန်းသစ်ပင်ပေါင်း ၂၂ ဒသမ ၈၅၆ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပျိုးပင်စိုက်ပျိုးနေကြသူများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး သစ်ပင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး သစ်ပင်စိုက်ပျိုးပေးစဉ်။

# ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ဆက်လက်ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

**ဗိုလ်လုပွဲသို့ တက်ရောက်**

အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်ကို နံနက်ပိုင်းတွင် အဆိုပါ လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ပညာရေးဝန်ကြီးဌာန အသင်းက သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အဆိုပါ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ၂၀၂၄ ခုနှစ် အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အဆိုပါ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်ကစားကြမည်**

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၉ ရက် ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပပြီး ဗိုလ်လုပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ပညာရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ထားဝယ်မြို့၌ အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ထားဝယ် စက်တင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ကျင်းပသော အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုလှိုင်က အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ပြီးနောက် မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေရန်၊ မိသားစုဝင်ငွေတိုးတက်စေရန်၊ ရေရှည်တည်မြဲစေမည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် အန္တရာယ်ရှိသောအလုပ်အကိုင်များမှ ကလေးအလုပ်သမားများပပျောက်စေရန် စသည့်ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးက သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကျောင်းအုပ်ကြီး ဦးဟိဏ်းထက်အောင်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူ ၂၀ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၃၇)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ Woman Team Regu ပြိုင်ပွဲ၌ မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအသင်း ကြေးတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ထိုင်းနိုင်ငံ၌ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ ကျင်းပလျက်ရှိသည့် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ Woman Team Regu ပြိုင်ပွဲတွင် မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအသင်း ကြေးတံဆိပ် တစ်ခု ဆွတ်ခူးရရှိသည်။



မြန်မာအမျိုးသမီး အသင်းသည် အကြိုဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် တတိယ ကြေးတံဆိပ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ ဗီယက်နမ်အသင်းက ငွေတံဆိပ်၊ မြန်မာအသင်းနှင့် ကိုရီးယားအသင်းတို့က ပူးတွဲတတိယကြေးတံဆိပ်ရရှိခဲ့သည်။

ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းမှ နည်းပြအုပ်ချုပ်သူ ခြောက်ဦး၊ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၁ ဦးတို့သည် အမျိုးသား ပြိုင်ပွဲများအဖြစ် (Team, Quadrant, Mixregu, Mixquadrant)နှင့် အမျိုးသမီး ပြိုင်ပွဲများအဖြစ် (Team, Quadrant, Hoop) စသည့် ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးတို့တွင် ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိပြီး စက်တင်ဘာ ၇ ရက် ညနေပိုင်း ပွဲစဉ်များအပြီးတွင် မြန်မာအသင်း အနေဖြင့် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခု ဆွတ်ခူးရရှိထားပြီးဖြစ်သည်။

ယင်းပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာရှဒေသတွင်းနိုင်ငံများအပြင် အခြားနိုင်ငံများလည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာစာကြည့်တိုက်ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**လှည်းကူး စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာ စာကြည့်တိုက်ဆောက်လုပ်နေမှုအခြေအနေကို တာဝန်ရှိသူများက စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ကွင်းဆင်းကြည့်ရှုသည်။



**ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်**

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နန်းထက်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ စီမံအဖွဲ့ဝင်(၁) ဗိုလ်မှူးစိုးစိုးနိုင်နှင့် တာဝန်ရှိသူများက ငွေကျပ်သိန်း ၁၅၀ ဖြင့် အင်းတိုင်ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုရာ စာကြည့်တိုက် ဆောက်လုပ်ရာတွင် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ပြည့်မီအောင် စနစ်တကျဆောက်လုပ်ရေး၊ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ မိတ္ထီလာ-မန္တလေးလမ်းတစ်လျှောက် သစ်ပင်များစိုက်ပျိုးနေမှုနှင့် တိုးလ်ဂိတ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ဝန်ထမ်းရေးရာကိစ္စများ၊ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ အင်ဂျင်နီယာချုပ် ဦးကျော်မျိုးထွဋ်က လမ်းဘေးဝဲ/ယာသစ်ပင်များ စိုက်ပျိုးရာတွင် သတ်မှတ်ပုံစံအတိုင်း စိုက်ပျိုးရန်နှင့် ဆေးလိုင်းရေးဆွဲခြင်းနှင့် ပတ်သက်၍ လိုက်နာရမည့် သတ်မှတ်ချက်များကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြချက်များနှင့် လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် B.O.T ကုမ္ပဏီများဖြစ်ကြသည့် သော်တာဝင်းကုမ္ပဏီ၊ ယုဇနကုမ္ပဏီ၊ Oriental Highway ကုမ္ပဏီတို့နှင့် တွေ့ဆုံ၍ လမ်းဘေးဝဲ/ယာ စိုက်ပျိုးထားသည့် သစ်ပင်များအကြား ကွက်လပ်ဖြစ်နေသည့် နေရာများ၌ မိုးတွင်းကာလတွင် ပျိုးပင်ကြီးများ အပြီးအစားထိုးပြန်လည်စိုက်ပျိုးသွားရန်၊ မိုးရာသီကုန်ဆုံးပါက လမ်းပေါက်များ အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန်၊ လမ်းပခုံးပျက်သောနေရာများတွင် မြေနီကျောက်စရစ်ခင်း၍ ဆောင်ရွက်ရန်၊ B.O.T လမ်းများကို နှစ်အလိုက်စီမံချက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားရန်နှင့် လမ်းပေါ်၌ ဆေးလိုင်းများရေးဆွဲရာတွင် ညွှန်ကြားချက်ပါအတိုင်း အလေးထားလိုက်နာဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် မိတ္ထီလာမြို့တွင်းလမ်း မိုင်တိုင်အမှတ်(၁၃/၆ နှင့် ၁၃/၇)ကြား လမ်းအမှတ်အသားဆေးလိုင်းရေးဆွဲခြင်းကိုလည်းကောင်း၊ မြစ်သားနှင့် ကျောက်ဆည်အကြား မိုင်တိုင်အမှတ် (၃၆၃/၃ နှင့် ၃၆၃/၄) အကြားတွင် ပေ ၉၀ မြေသားတာပေါင်လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျောက်ဆည်မြို့ရှောင်လမ်းတွင် လမ်းဘေးဝဲ/ယာသစ်ပင်စိုက်ပျိုးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်မြို့ရှောင်လမ်း သော်တာဝင်းကုမ္ပဏီ လမ်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သော်တာဝင်းကုမ္ပဏီက တည်ဆောက်လျက်ရှိသည့် ဘယ်လင်း-ရွှေစာရံ-အုန်းချောလမ်းအသုံးပြုခ ကောက်ခံမည့် တိုးလ်ဂိတ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံ ကွမ်ကျိုးမြို့ ကွမ်တုံနိုင်ငံခြားဘာသာနှင့် ပြည်ပကုန်သွယ်ရေးတက္ကသိုလ်တွင် စာပေဟောပြောပွဲကျင်းပ

**ကွမ်ကျိုး စက်တင်ဘာ ၇**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံရုံး၏ ဖိတ်ကြားချက်အရ ကွမ်ကျိုးမြို့၌ ရောက်ရှိနေသော မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) ဦးဆောင်သည့် စာပေယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအဖွဲ့သည် စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် ကွမ်ကျိုးမြို့ရှိ ကွမ်တုံ နိုင်ငံခြားဘာသာနှင့် ပြည်ပကုန်သွယ်ရေး တက္ကသိုလ်သို့ရောက်ရှိရာ အဆိုပါတက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဌာနမှူး ကျိုးဖုန်(Zhou Peng)၊ အရှေ့တိုင်းဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်မှပါမောက္ခ လျိုကျစ်ချန် (Liu Zhi Qiang)၊ မြန်မာစာဘာသာဌာနမှူး ကျုန်းဝေ့ကော (Zhong Wei Guo)၊ မြန်မာဘာသာဌာန မြန်မာစာကထိကဆရာမ ဝူတီ Wu Di)၊ မြန်မာစာဆရာ ကျောက်ချိုင်ကျွင်း (Zhuo Cai Jun ) တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ စာရေးဆရာ ရန်ပိုင်ဥက္ကာ၊ စာရေးဆရာမ တက္ကသိုလ်မြမဥ္စူ၊ စာရေးဆရာတော်ကောင်းမင်းတို့က မြန်မာကဗျာ၊ မြန်မာစာနှင့် ပတ်သက်သည်များကို ဟောပြောဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာစာအဓိကဘာသာရပ်ကို သင်ကြားပို့ချပေးနေသော တရုတ်လူမျိုးဆရာ ဆရာမများ၊ မြန်မာစာအဓိက သင်ယူလျက်ရှိသော တရုတ်လူမျိုး တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် အမှတ်တရ စာပေလက်ဆောင်များ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ "Film Production" Free Workshop ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**

Pro Creative Center (PCC) Arts and Media School သင်တန်းကျောင်း၏ စီစဉ်ကျင်းပသည့် "Film Production" Free Workshop ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ Film Development Centre သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

## ရှင်းလင်းပြောကြား

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ အဖွဲ့ဝင်တစ်ဦးက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက မုဒိတာစကား ပြောကြားကာ သင်ကြားပေးမည့် သင်တန်းပုံစံအား Pro Creative Center (PCC) မှ သင်တန်းနည်းပြဖြစ်သူ ဒါရိုက်တာ ဝင်းထွန်းထွန်းက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် "Film Production" Free Workshop ကို ဆက်လက်ကျင်းပရာ ဒေါ်ဆွေဇင်ထိုက်က The Role of Film Producer in New Era ဘာသာရပ်ကို လည်းကောင်း၊ ဒါရိုက်တာ ဝင်းထွန်းထွန်းက The Art of Directing & Cinematography ဘာသာရပ်ကိုလည်းကောင်း သင်ကြားပို့ချခဲ့သည်။

## ရည်ရွယ်ဖွင့်လှစ်

အဆိုပါသင်တန်းကို ရုပ်ရှင်အနုပညာဆိုင်ရာ ဘာသာရပ်များအား စိတ်ဝင်စားသူ၊ လေ့လာသင်ယူလိုသူ လူငယ်များအတွက် ရည်မှန်းထားသည့် အနုပညာပန်းတိုင်သို့ ရောက်ရှိနိုင်ရေး စိတ်အင်အားများ ပေးစွမ်းရန် ရည်ရွယ်ကာ ဖွင့်လှစ်သင်ကြားပို့ချခြင်းဖြစ်ကြောင်းနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၏ ရည်ရွယ်ချက်များဖြစ်သည့် Training၊ Discussion၊ Connection အနက် Connection အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သက်ဦး (FDC)**



# ငါးသိုင်းချောင်းမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ငါးသိုင်းချောင်း စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၈ နာရီက ငါးသိုင်းချောင်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ဆေးရုံဝင်းအတွင်းရှိ မြက်များ၊ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်းလုပ်ငန်းများကို ငါးသိုင်းချောင်းနယ်မြေရဲစခန်းမှ ရဲအုပ် တင်လင်းထွဋ် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့ဆေးရုံမှ အထက်တန်းသူနာပြုနှင့်ဝန်ထမ်းများ၊ မြို့သစ်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ဖို့ မြေဆီလွှာထိန်းသိမ်းစို့

သစ်တောမောင်



တောင်ပေါ်ဒေသ တောင်စောင်းစိုက်ခင်းတစ်ခုကို မြင်တွေ့ရစဉ်။

### မြေဆီလွှာ (Soil)

အပင်များ ရှင်သန်ကြီးထွား ဖြစ်ထွန်းအောင်မြင်ရန် အဓိကအားဖြင့် **“မျိုး၊ မြေ၊ ရေ၊ နည်း”** ပြည့်စုံကောင်းမွန်ရန် လိုအပ်ပါသည်။ အဆိုပါ လေးမျိုးအနက် မြေဆီလွှာ (Soil)သည် အပင်များ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုသော အပေါ်ယံမြေလွှာဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြေဆီလွှာဆိုသည်မှာ ကြေကွဲပျက်စီးနေသော သတ္တုများ(Minerals)၊ ဆွေးမြည့်နေသည့် အော်ဂဲနစ်ပစ္စည်းများနှင့် အလွှာအမျိုးမျိုးပါသော သဘာဝမြေသားကို ဆိုလိုပါသည်။ ပြိုကွဲကြေပျက်ပြီးသော တွင်းထွက်သတ္တုများနှင့် ဆွေးမြည့်သက်ရှိပစ္စည်းများ ရောနှောပါဝင် ဖွဲ့စည်းထားသော အရင်းအမြစ်လည်းဖြစ်သည်။ မြေဆီလွှာသည် အစားထိုးမရသော သဘာဝသယံဇာတဖြစ်ပြီး အပင်များကြီးထွားရန်အတွက် အထောက်အကူပြုသည့် ကမ္ဘာ့အပေါ်ယံရှိ အလွှာပါးဖြစ်ပါသည်။ မြေဆီလွှာသည် လူသားတို့အတွက် အစားအစာ၊ ဆေးဝါး၊ အဝတ်အထည်နှင့် နေထိုင်စရာတို့ကို ထောက်ပံ့ပေးနေသည့် သဘာဝသယံဇာတ ဖြစ်ပါသည်။

မြေဆီလွှာတွင် အာဟာရဓာတ်များရှိရန် လိုအပ်သကဲ့သို့ ကောင်းမွန်သော ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းမှုရှိရန်လည်း လိုအပ်ပါသည်။ အကျိုးပြုအဏုဇီဝသက်ရှိများ ကျန်းမာစွာရှိနေနိုင်ရန် မြေသားအတွင်းတွင် ရေနှင့်အောက်ဆီဂျင် စိမ့်ဝင်နေနိုင်ရန်အတွက် နေရာအလုံအလောက်ရှိရန်လည်း လိုအပ်ပါသည်။ မြေဆီလွှာကို ယေဘုယျအားဖြင့် **နုံ့စေး၊ သဲမြေနှင့် နုန်းမြေ**ဟူသည့် မြေမှုန်အမျိုးအစား သုံးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။ **နုံ့စေးမြေ**သည် အလွန်သေးငယ်သော မြေသားအမှုန်အမွှားများ အတူစုပေါင်းပြီး ကြီးမားသော မြေသားအနေဖြင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ နုံ့စေးမြေသည် မြေဆီကြွယ်ဝသော်လည်း ၎င်းမြေသား၏ လျင်မြန်စွာ သိပ်သည်းမှုကြောင့် စိုက်ပျိုးရန် မြေပြုပြင်သည့်အခါ ခက်ခဲမှုရှိနိုင်ပါသည်။ **သဲမြေ**သည် ဖွာသည့်အနေအထားရှိပြီး စိုက်ပျိုးခြင်းအတွက် မြေပြုပြင်ရာတွင် အလွယ်တကူဆောင်ရွက်နိုင်သော်လည်း လျင်မြန်စွာ ခြောက်သွေ့ပြီး အာဟာရဓာတ်များ ပါဝင်မှုနည်းပါးကာ လျင်မြန်စွာ ပျောက်ကွယ်ဆုံးရှုံးသွားလေ့ရှိပါသည်။ **နုန်းမြေ** သည် သီးနှံစိုက်ပျိုးရန်အတွက် အကောင်းဆုံး မြေအမျိုးအစားဖြစ်ပါသည်။ ၎င်းမြေမှာ အော်ဂဲနစ်ပစ္စည်းများ ကြွယ်ဝစွာပါဝင်ပြီး ရေကိုလည်း ကောင်းစွာ ထိန်းထားနိုင်သည့် ဂုဏ်သတ္တိများရှိသဖြင့် သစ်ပင်များ အောင်မြင်ဖြစ်ထွန်းရန် အလွန်အရေးပါပါသည်။

### မြေဆီလွှာပျက်စီးရခြင်းအကြောင်းရင်းများ

မြေဆီလွှာအပေါ်ယံမြေ တစ်လက်မဖြစ်ပေါ်ရန် နှစ် ၅၀၀ မှ ၁၀၀၀ အထိ ကြာနိုင်သော်လည်း မိနစ်ပိုင်း၊ အချိန်ပိုင်းအတွင်း ပျက်စီးဆုံးရှုံးနိုင်ပါသည်။ မြေဆီလွှာပျက်စီးဆုံးရှုံးရခြင်း အကြောင်းရင်း အမျိုးမျိုးရှိပါသည်။ အဓိကအကြောင်းရင်းများမှာ သစ်တောများပြုန်းတီးခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ စားကျက်အလွန်အကျွံ လွှတ်ကျောင်းခြင်း၊ ရွှေ့ပြောင်းတောင်ယာများ ချဲ့ထွင်ခြင်း၊ ရွှေ၊ ကျောက်မီးသွေးနှင့် ဓာတ်သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်ခြင်း၊ သစ်တောမြေမှ အခြားမြေအသုံးချမှုသို့ ပြောင်းလဲခြင်း၊ စိုက်ပျိုးနည်းစနစ်များ မမှန်ကန်ခြင်း၊ ရေနှင့်လေတိုက်စားခြင်း၊ ဆား/ဆပ်ပြာပေါက်ခြင်း၊ မြေချဉ်ခြင်း၊ အာဟာရဓာတ်များ ယုတ်လျော့လာခြင်း၊ မြေဆီလွှာညစ်ညမ်းခြင်း စသည့် အကြောင်းရင်းများဖြစ်သည်။

မြေဆီလွှာပျက်စီးခြင်း၏ လက္ခဏာများမှာ များပြားပြီး အထူးသဖြင့် မြေဆီဩဇာကျဆင်းခြင်း၊ အချဉ်ဓာတ်ဖြစ်ထွန်းခြင်း၊ ဆားရည်ထွက်ခြင်း၊ အယ်လ်ကာလီဆန်ခြင်း၊ မြေဆီလွှာတည်ဆောက်မှုယိုယွင်းခြင်း၊ လေနှင့် ရေတိုက်စားခြင်း၊ အော်ဂဲနစ်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် မြေဆီလွှာအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းဆုံးရှုံးခြင်း စသည်တို့ပါဝင်သည်။ မြေဆီလွှာပျက်စီးခြင်းများကို အောက်ဖော်ပြပါအတိုင်း ခွဲခြားလေ့လာနိုင်ပါသည်-

### ရုပ်ဂုဏ်သတ္တိများ ပျက်စီးခြင်း

မြေဆီလွှာအား ရေနှင့်လေ တိုက်စားခြင်းကြောင့် မြေစိုင်မြေခဲများ ကြေမွပျက်စီးကာ လေပေါက်ရေပေါက်များကို ပိတ်ဆို့ပြီး ရေစိမ့်ဝင်မှုလျော့နည်းခြင်း၊ ခြောက်သွေ့သည့်အခါတွင်လည်း မြေမှုန့်များဖွဲ့စည်းမှု အားနည်းခြင်းကြောင့် မြေသားဖွဲ့စည်းတည်ဆောက်မှုကို ပျက်စီးစေပါသည်။ ကျပ်သိပ်နေသောမြေများသည် ကျစ်လျစ်သိပ်သည်းပြီး မြေဆီလွှာထဲတွင်ရှိသည့် အပေါက်ငယ်လေးများ၏ ပမာဏကို လျော့နည်းစေကာ ၎င်းအတွင်း၌ရှိနေသော ရေ၊ လေနှင့် အဏုဇီဝသက်ရှိများကို ကန့်သတ်ထိန်းချုပ်မှု ဖြစ်စေပါသည်။ အကြီးစားလယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်း၊ ထွန်ယက်စိုက်ပျိုးမှုစနစ် မမှန်ကန်ခြင်းတို့ကြောင့် မြေကျပ်ခြင်းကို ဖြစ်ပေါ်စေပြီး အပင်များကြီးထွားရှင်သန်မှုကို ထိခိုက်စေပါသည်။

ရေတိုက်စားခြင်းကြောင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိများ ပျက်စီးစေနိုင်ပါသည်။ ရေတိုက်စားမှုကြောင့် အပေါ်ယံမြေဆီလွှာများ ရေနှင့်အတူ တိုက်စားသယ်ဆောင်ခြင်းခံရပြီး မြေဆီမြေနှစ်များ ဆုံးရှုံးကာ အောက်ခံကျောက်သားအထိ ပေါ်လာပြီး သစ်ပင်များ စိုက်ပျိုးရှင်သန်နိုင်ရန် အလွန်ခက်ခဲစေပါသည်။ ရေတိုက်စားခြင်းကို အမျိုးအစားခွဲခြားလေ့လာပါက Sheet Erosion (အလွှာလိုက်တိုက်စားခြင်း)၊ Rill Erosion (မြောင်းငယ်အဆင့် တိုက်စားခြင်း)၊ Gully Erosion (လျှိုမြောင်အဆင့် တိုက်စားခြင်း)၊ Micro-pedestal/Macro-pedestal (မြေလုံး၊ မြေခဲများဖြစ်ပေါ်ခြင်း)၊ Piping (ပြွန်ပုံ၊ လိုဏ်ခေါင်းပုံ တိုက်စားခြင်း)၊ Land Slide ( ဒေါင်လိုက် မြေပြိုကျခြင်း)ဟူ၍ ခွဲခြားထားသည်ကို တွေ့ရပါသည်။

အလားတူ လေတိုက်စားခြင်း (Wind Erosion) သည်လည်း မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိများ ပျက်စီးစေနိုင်ပါသည်။ လေတိုက်ခတ်မှုကြောင့် မြေမှုန်များ တစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားခြင်းကို လေတိုက်စားခြင်းဟု ခေါ်ဆိုခြင်းဖြစ်သည်။ ပူပြင်းခြောက်သွေ့သည့် လေပူများနှင့် လေနှင့်အတူပါလာသည့် သဲများပွတ်တိုက်ခြင်းကြောင့် အပင်များနှင့် သီးနှံပင်များ ကြီးထွားဖွံ့ဖြိုးမှုကိုလည်း ထိခိုက်စေပါသည်။ လေတိုက်ခတ်မှုနှုန်းအပေါ်မူတည်ပြီး အရွယ်အစားအမျိုးမျိုးရှိသော မြေသားကို အကွာအဝေး တစ်ခုသို့ သယ်ဆောင်သွားနိုင်ပါသည်။ ဥပမာ ၀ ဒသမ ၀၅ မီလီမီတာ အရွယ်အစားရှိ မြေစေးနုန်းနှင့် မြေဆွေးဓာတ်များကို အလွန်ဝေးကွာသည့် နေရာသို့ သယ်ဆောင်တိုက်စားခြင်း (Suspension)၊ (၀ ဒသမ ၀၅ - ၀ ဒသမ ၅ မီလီမီတာ) ခန့် အရွယ်အစားရှိသည့် သဲများကို သယ်ဆောင်တိုက်စားခြင်း (**Saltation**)၊ (>၀ ဒသမ ၅ - ၂ မီလီမီတာ) အရွယ်အစားကြီးသည့် ကျောက်ခဲနှင့် ပစ္စည်းများကို သယ်ဆောင်တိုက်စားခြင်း (Creep)များကို တွေ့နိုင်ပါသည်။

### ဓာတ်ဂုဏ်သတ္တိများပျက်စီးခြင်း

အချို့သော မြေသည် မြေချဉ်/ငန်ဓာတ် အလွန်ပြင်းထန်သော အခြေအနေများရှိပါသည်။ ဆိုးဆိုးရွားရွား မြေချဉ်ခြင်း၊ ငန်ခြင်း ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ မြေများတွင် အဏုဇီဝ သက်ရှိလေးများ၏ လုပ်ဆောင်ချက်များကို ထိခိုက်ပျက်စီးစေပြီး ရေရှည်တွင် မြေဆီလွှာ၏ ကျန်းမာရေးကို ထိခိုက်နိုင်ပြီး အပင်များ ရှင်သန်ကြီးထွားနိုင်မှုအပေါ်တွင် သက်ရောက်မှုများ ဖြစ်စေပါသည်။

မြေချဉ်ခြင်းဖြစ်စဉ်တွင် အဓိကအားဖြင့် အငန်ဓာတ်များ ရေနှင့်အတူ စိမ့်ဝင်ပျောက်ဆုံးပြီး မြေမှုန်များတွင် ဟိုက်ဒရိုဂျင်နှင့် အလူမီနီယမ် အိုင်းယွန်းများ အစားထိုးဝင်ရောက်လာခြင်း၊ အချဉ်ဓာတ်ဖြစ်စေသော အမိုးနီးယားအခြေခံ (ယူရီးယားဆာလ်ဖာ) ဓာတ်မြေဩဇာများ သုံးစွဲခြင်း၊ အငန်ဓာတ်များ ရေနှင့်အတူ စိမ့်ဝင်ပျောက်ဆုံးပြီး မြေမှုန်များတွင် ဟိုက်ဒရိုဂျင်နှင့် အလူမီနီယမ်အိုင်းယွန်းများ အစားထိုးဝင်ရောက်လာခြင်း၊ စိုက်ပျိုးသီးနှံပင် အကြွင်းအကျန်များ ဆွေးမြည့်သည့်ဖြစ်စဉ်မှ ဟိုက်ဒရိုအိုင်းယွန်းများ ထွက်ရှိခြင်း၊ ရေဝပ်သော ဒီရေတောများတွင် Acid Sulphate Soil များ ဖြစ်ပေါ်ခြင်းတို့ကြောင့် မြေချဉ်များ ဖြစ်ပေါ်စေပါသည်။ အဆိုပါ မြေအချဉ်ဓာတ်ရှိသည့် မြေများတွင် Calcium Dolomatic Lime Stone (ကယ်လ်ဆီယမ် ဒိုလိုမိုက် ခေါ် ထုံးကျောက်မှုန့်) မဖောက်ထုံးအား ထည့်ပေးခြင်းဖြင့် မြေအချဉ်ဓာတ်ကို လျှော့ချစေနိုင်ပါသည်။

အက်စစ်ဖြစ်ပေါ်မှုကြောင့် သံဓာတ်၊ အလူမီနီယမ်ဓာတ်နှင့် သိပ်သည်းဆမြင့်မားသည့် သတ္တုဓာတ်များ၏ အဆိပ်အတောက်ဖြစ်စေမှုကို တိုးပွားစေပါသည်။ အလွန်အကျွံချဉ်ခြင်း၊ ဆားပေါက်ခြင်း၊ အလူမီနီယမ်နှင့် သံဓာတ်အဆိပ်သင့်ခြင်း၊ အပင်ကြီးထွားရန် အဓိကလိုအပ်သော အာဟာရဓာတ်များ အလွန်နည်းပါးခြင်းနှင့် ဆာလဖိတ်အဆိပ်သင့်ခြင်းတို့ကြောင့် မြေချဉ်များ ဖြစ်ပေါ်စေပြီး ထုတ်လုပ်မှုစွမ်းအားညံ့ဖျင်းသော မြေများအဖြစ် ဖြစ်ပေါ်စေပါသည်။

ဆားပေါက်ခြင်း/ ဆပ်ပြာပေါက်ခြင်းကြောင့်လည်း မြေဆီလွှာပျက်စီးနိုင်ပါသည်။ ဆားပေါက်ခြင်းဖြစ်စဉ်၌ မိခင်ကျောက်လွှာတွင် ဆိုဒီယမ်များခြင်း၊ မိုးရေချိန်နည်းပါးခြင်း၊ အပူချိန်မြင့်မားခြင်းတို့ကြောင့် မြေအောက်မှဆားများ မျက်နှာပြင်ပေါ် စုပုံလာပြီး ဆားပေါက်ခြင်း၊ ရေသွင်းနည်းစနစ်မမှန်ကန်ခြင်းကြောင့် မြေအောက်ရေ မြင့်တက်ကာ အောက်မှဆားများ မျက်နှာပြင်သို့ ရောက်လာခြင်း၊ သွင်းရေအရည်အသွေးညံ့ဖျင်းခြင်းနှင့် ပင်လယ်ရေငန်ဝင်ရောက်ခြင်းကြောင့် ဆား/ဆပ်ပြာပေါက်မြေများ ဖြစ်ပေါ်စေပါသည်။ ဆားပေါက်မြေတွင် အပင်များ ဖြစ်ထွန်းအောင်မြင်ရန် ခက်ခဲပါသည်။

အာဟာရနှင့် ပတ်သက်၍လည်း အပင်များရှင်သန်ကြီးထွားအောင်မြင်ရန် အဓိကအာဟာရဓာတ် ၁၆ မျိုးရှိပါသည်။ Macro-nutrient နှင့် Micro-nutrient ဟူ၍ အဓိကအုပ်စုနှစ်မျိုး ခွဲခြားထားပါသည်။ Macro-nutrients တွင် ကာဗွန် (C)၊ အောက်ဆီဂျင် (O)၊ ဟိုက်ဒရိုဂျင် (H)၊ နိုက်ထရိုဂျင် (N)၊ ဖော့စဖရပ် (P)၊ ပိုတက်ဆီယမ် (K)၊ ကယ်လ်ဆီယမ် (Ca)၊ မဂ္ဂနီဆီယမ် (Mg)၊ Sulphur (S) သည် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များဖြစ်ပြီး အပင်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပမာဏများစွာ လိုအပ်ပါသည်။ အခြားတစ်ဖက်တွင်မူ Micro-nutrients တွင် သံဓာတ် (Fe)၊ ဇင့် (Zn)၊ မဂ္ဂနိစ် (Mn)၊ ဘိုရွန် (B)၊ ကော့ပါး (Cu)၊ မိုလစ်ဘဒင်နမ်(Mo) နှင့် ကလိုရင်း (Cl)တို့ ပါဝင်ပါသည်။ အဆိုပါ အာဟာရဓာတ်များသည် ပမာဏအနည်းငယ်သာ လိုအပ်သော်လည်း ၎င်းတို့သည် အပင်ဖွံ့ဖြိုးမှုနှင့် ကြီးထွားမှုအတွက် အရေးပါလျက်ရှိပါသည်။

**စာမျက်နှာ ၉ သို့** ❑

**❛ မြေတိုက်စားခြင်း၊ သစ်တော၊ သစ်ပင်များ ပြုန်းတီးလာမှုကြောင့် မြေဆွေးဓာတ်များ လျော့နည်းလာခြင်း၊ သီးနှံအကြွင်းအကျန်များ မီးရှို့ခြင်း၊ စိုက်ပျိုးနည်းစနစ်များ မမှန်ကန်ခြင်း၊ မြေယာအသုံးချမှုပုံစံပြောင်းလဲခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ မြေဆီလွှာညစ်ညမ်းခြင်းတို့ကြောင့် မြေဆီလွှာတွင်** Micro **နှင့်** Macro organism **များလျော့နည်းသွားပြီး အပင်များ ရှင်သန်ကြီးထွားမှုအပေါ် သက်ရောက်စေနိုင်ပါသည်။ စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး/ပေါင်းသတ်ဆေးပစ္စည်းနှင့် မိလ္လာစွန့်ပစ်ရေများ စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့်လည်း မြေဆီလွှာညစ်ညမ်းပြီး မြေဆီလွှာ၏ ဇီဝဂုဏ်သတ္တိ လျော့နည်းပျက်စီးစေနိုင် ❜**

❑ စာမျက်နှာ ၈ မှ

အာဟာရဓာတ်များမညီမျှခြင်းနှင့် အာဟာရလုံလောက်စွာမရသောကြောင့်လည်း အပင်များကြီးထွားရှင်သန်အောင်မြင်မှု နည်းပါးခြင်းအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ အပင်များ ကြီးထွားဖွံ့ဖြိုးရန်အတွက် လိုအပ်သော အာဟာရဓာတ်များဖြည့်ဆည်းပေးရာတွင် မြေဆီလွှာအတွင်း ရှိရင်းစွဲအာဟာရပါဝင်မှု ညီညွတ်မျှတရန်လိုပါသည်။ အပင်အမျိုးအစားအပေါ်တွင်လည်း မူတည်ပါသည်။

**ဇီဝဂုဏ်သတ္တိများ ပျက်စီးခြင်း**

မြေဆီလွှာဇီဝဂုဏ်သတ္တိများသည် မြေဆီလွှာတွင် တွေ့ရှိရသော သက်ရှိများကို ရည်ညွှန်းပြီး အဏုဇီဝပိုးမွှားများနှင့် Macroplants များ၊ တိရစ္ဆာန်များ ပါဝင်သည်။ မြေဆီလွှာရှိ သက်ရှိများ၏ ကွဲပြားခြားနားမှုများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ မြေဆီလွှာအစာကွန်ရက်ကို ဖွဲ့စည်းတည်ဆောက်ပုံများတွင် အသေးငယ်ဆုံး ဆဲလ်တစ်ဆဲလ်ဗက်တီးရီးယား၊ ရေညှိ၊ မှိုနှင့် ပရိုတိုဇိုးများ အရွယ်အစားအထိ၊ ပိုမိုရှုပ်ထွေးသော Nematodes နှင့် Micro–arthropods အထိ၊ မြင်နိုင်သော မြေသန်ကောင်များ၊ အင်းဆက်များနှင့် ကျောရိုးရှိသတ္တဝါငယ်များအထိ ပါဝင်ပါသည်။ အချို့သော မြေဆီလွှာသတ္တဝါများသည် အပင်များတွင် ရောဂါဖြစ်စေနိုင်သော်လည်း မြေဆီလွှာတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်အများစုသည် မြေဆီလွှာအရည်အသွေးအတွက် အရေးကြီးပါသည်။

မြေတိုက်စားခြင်း၊ သစ်တော၊ သစ်ပင်များပြုန်းတီးလာမှုကြောင့် မြေဆွေးဓာတ်များ လျော့နည်းလာခြင်း၊ သီးနှံအကြွင်းအကျန်များ မီးရှို့ခြင်း၊ စိုက်ပျိုးနည်းစနစ်များ မမှန်ကန်ခြင်း၊ မြေယာအသုံးချမှုပုံစံပြောင်းလဲခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ မြေဆီလွှာညစ်ညမ်းခြင်းတို့ကြောင့် မြေဆီလွှာတွင် Micro နှင့် Macro organism များလျော့နည်းသွားပြီး အပင်များ ရှင်သန်ကြီးထွားမှုအပေါ်သက်ရောက်စေနိုင်ပါသည်။ စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး/ပေါင်းသတ်ဆေးပစ္စည်းနှင့် မိလ္လာစွန့်ပစ်ရေများ စနစ်တကျစွန့်ပစ်မှု မရှိခြင်းကြောင့်လည်း မြေဆီလွှာညစ်ညမ်းပြီး မြေဆီလွှာ၏ ဇီဝဂုဏ်သတ္တိလျော့နည်းပျက်စီးစေနိုင်ပါသည်။

**မြေဆီလွှာထိန်းသိမ်းခြင်း**

မြေဆီလွှာအရည်အသွေးကျဆင်းခြင်း၊ မြေဆီလွှာပျက်စီးခြင်းကြောင့် ဆုံးရှုံးမှုကြီးမားစွာ ဖြစ်ပေါ်နိုင်ပါသည်။ မြေဆီလွှာ၊ ရေသယံဇာတနှင့် သစ်တော၊ သစ်ပင်များသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်နေသဖြင့် မြေ၊ ရေနှင့် သစ်တော၊ သစ်ပင်များကို ဘက်စုံကဏ္ဍစုံ နည်းလမ်းအမျိုးမျိုးဖြင့် ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။ မြေဆီလွှာတိုက်စားဆုံးရှုံးမှုကို လျော့နည်းသက်သာစေရန်နှင့် ရေသယံဇာတများ ထိန်းသိမ်းရန် သစ်တော၊ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းသည် အခြေခံအကျဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံး၊ ရိုးရှင်းလွယ်ကူဆုံး၊ လူတိုင်းလူတိုင်း နေရာဒေသမရွေး ဆောင်ရွက်နိုင်ဆုံးသော နည်းလမ်းတစ်ခု ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရန်နှင့် လိုက်လျောညီထွေရှိစေရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ကို အထောက်အကူပြုစေရန်၊ မြေဆီလွှာအာဟာရဓာတ်များ တိုးတက်ကောင်းမွန်စေရန်၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားလာစေရန်၊ အပူပိုင်း မိုးခေါင်ရေရှားဒေသများတွင် မိုးရေအား စုဆောင်းရန်နှင့် ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြစ်၊ ချောင်း၊ ဆည်၊ ကန်၊ တာတမံများ၏ ရေဝေရေလဲဒေသများတွင် ရေဝေရေလဲ သဘာဝတောများ ထိန်းသိမ်းခြင်း၊ ရေဝေရေလဲ စိုက်ခင်းများ၊ သစ်ပင်များ စိုက်ပျိုးခြင်းသည် အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်ပါသည်။ မြေဆီလွှာထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း နေရာဒေသအလိုက် သင့်လျော်ရာ နည်းလမ်းများကို အသုံးပြုဆောင်ရွက်နိုင်ပါသည်။ မြေဆီလွှာထိန်းသိမ်း



ခြင်းလုပ်ငန်းများ နည်းလမ်းများစွာရှိရာ ရုပ်ဝတ္ထုများ အသုံးပြုထိန်းသိမ်းခြင်း (Physical Measures)၊ သက်ရှိများအသုံးပြုထိန်းသိမ်းခြင်း (Biological Measures) နှင့် စိုက်ပျိုးရေးနည်းစနစ်များဖြင့် ထိန်းသိမ်းခြင်း (Agronomic Measures) အဓိက အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

**(က) ရုပ်ဝတ္ထုများ အသုံးပြုထိန်းသိမ်းခြင်း (Physical Measures)**

(၁) **ကွန်တိုကန်သင်းတည်ဆောက်ခြင်း** – ကုန်းစောင်းဒေသများတွင် မြေသားထူပါက မြေသားကန်သင်း၊ မြေသားပါးပါက ကျောက်စီကန်သင်း၊ ကွန်တိုအလိုက် ပြုလုပ်၍ မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေစိမ့်မြောင်းနှင့် ရေလွှဲမြောင်းများ တူးဖော်ပေးခြင်း၊ နုန်းတားဆည်များ၊ တစ်ဖက်ရပ်ဆည်များ တည်ဆောက်ပေးခြင်း စသည်တို့ ဖြစ်ပါသည်။

(၂) **နုန်းတားဆည်/ကန်သင်း တည်ဆောက်ခြင်း** – ရေဝေရေလဲ ဧရိယာများတွင် အမာခံကျောက်ဖြင့် ကန်သင်းပြုလုပ်၍ မြေဆီလွှာထိန်းသိမ်းခြင်း ဖြစ်ပါသည်။

(၃) **ရေကျော်ကျောက်တန်း တည်ဆောက်ခြင်း** – လျှိုလက်တက်များတွင် ရေစီးနှုန်း နှေးသွားစေရန် ရေကျော်ကျောက်တန်းများ တည်ဆောက်ခြင်းဖြစ်ပါသည်။

(၄) **ရေစုကျင်း၊ ရေစုကန်များ တည်ဆောက်ခြင်း** – အပူပိုင်းဒေသ၊ မိုးရေချိန်လက်မနည်းပါးသောနေရာများတွင် မိုးရေကို စုဆောင်းနိုင်သော ရေစုကန်များ တူးဖော်ပြီး ဒေသခံပြည်သူများအတွက်သော်လည်းကောင်း၊ တိရစ္ဆာန်များအတွက်သော်လည်းကောင်း၊ သစ်တော၊ သစ်ပင်များအတွက် လည်းကောင်း၊ သီးနှံများ ရေလိုအပ်ချိန်တွင် ဖြည့်စွက်ရေပေးသွင်းနိုင်ရန်အတွက် လည်းကောင်း ရည်ရွယ်တည်ဆောက် အသုံးပြုခြင်းဖြစ်သည်။

(၅) **စိုက်ကျင်းများဖြင့် သစ်ပင်စိုက်ပျိုးခြင်း**– အပူပိုင်းဒေသ တောင်စဉ်တောင်တန်းများ၊ လျှောစောက်မြင့်မားသော တောင်ကုန်း၊ တောင်စောင်းများတွင် Zigzag ပုံစံဖြင့် သစ်ပင်များ စိုက်ပျိုးခြင်းနှင့် မိုးရေအများဆုံး စုဆောင်းဖမ်းထိန်းနိုင်ရန် ကွန်တိုအလိုက် မြောင်းရှည်များ တူးခြင်း၊ ရေစုကျင်းငယ်များ တူးဖော်၍ ရေထိန်းခြင်းဖြစ်သည်။

**(ခ) သက်ရှိများအသုံးပြု ထိန်းသိမ်းခြင်း (Biological Measures)**

(၁) **တောင်စောင်းစိုက်ပျိုးရေးစနစ်** – လျှောစောက် သုံးရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအတွင်း တောင်စောင်းများတွင် ကွန်တိုလိုင်းအလိုက် အကန့်လိုက် သီးနှံများ စိုက်ပျိုးခြင်းဖြစ်သည်။

(၂) **ကွန်တိုလိုင်းအတိုင်း သီးနှံပင်များ၊ မြက်များကိုစိုက်ပျိုးခြင်း** – လျှောစောက် ၃–၅ ရာခိုင်နှုန်းရှိသည့် နေရာများတွင် နှစ်ရှည်ခံမြက်များ၊ နွားစာမြက်များ (နေပီယာမြက်၊ Vetiver grass) စပါးလင်နှင့် နာနတ်ကဲ့သို့ သီးနှံများ မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ပေးရန် ကွန်တိုအလိုက် စိုက်ပျိုးခြင်းဖြစ်သည်။

(၃) **မြေဆီလွှာဖုံးပင်များစိုက်ပျိုးခြင်း** – မြေဆီလွှာအပေါ် မျက်နှာပြင်အား တိုက်စားခြင်းမှ ကာကွယ်ရန်၊ အစိုဓာတ်ထိန်းထားနိုင်ရန်၊ အာဟာရပြန်လည်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပဲမျိုးရင်းဝင်အပင်များအား မြေဆီလွှာဖုံးပင်အဖြစ် စိုက်ပျိုးခြင်း ဖြစ်ပါသည်။

(၄) **လေကာပင်များစိုက်ပျိုးခြင်း** – လေတိုက်စားခြင်းမှ ကာကွယ်ရန် စိုက်ခင်းနယ်နိမိတ်တစ်လျှောက်တွင် ဒေသအလိုက် သင့်တော်သည့်အပင်များ စိုက်ပျိုးခြင်းဖြစ်သည်။ ဥပမာ– ပင်လယ်ကဗွီး၊ အုန်း၊ ယူကလစ်၊ ထန်း၊ ဘောစကိုင်း၊ မဲဇလီ၊ မန်ကျည်း၊ တမာ၊ ဝါး၊ မိုးမခ၊ မြေပြန့်ချယ်ရီ၊ ပဲစင်းငုံ၊ နံ့စားပြောင်း၊ သီဟိုဠ်သရက်၊ ငှက်ပျော၊ နှစ်ရှည်သီးနှံပင် စသည်တို့ကို စိုက်ပျိုးခြင်းဖြစ်သည်။

(၅) **သစ်စိမ်းမြေဩဇာနှင့် သဘာဝမြေဩဇာထည့်သွင်းခြင်း** – ပိုက်ဆံလျှော်ကဲ့သို့ ပဲမျိုးရင်းဝင်အပင်များနှင့် နိုက်ထရိုဂျင်ပါဝင်မှုများသော အပင်များကို သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုစိုက်ပျိုးခြင်းနှင့် ဆွေးမြည့်ပြီးသော တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများနှင့် အပင်အကြွင်းအကျန်များအား စိုက်ခင်းအတွင်း ထည့်သွင်း အသုံးပြုခြင်းဖြစ်သည်။

**(ဂ) စိုက်ပျိုးရေးနည်းစနစ်များဖြင့် ထိန်းသိမ်းခြင်း (Agronomic Measures)**

(၁) **သီးနှံရောနှောစိုက်ပျိုးခြင်း** – သီးနှံများကို အလှည့်ကျစိုက်ပျိုးခြင်း၊ သီးနှံများ ရောနှောစိုက်ပျိုးခြင်းဖြင့် ရောဂါ၊ ပိုးမွှားများ၏ မျိုးဆက်သံသရာစက်ဝန်းကို ဖြတ်တောက်ပေးပြီး မြေဆီလွှာဖွဲ့စည်းမှုကောင်းမွန်စေ၍ မြေဆီဩဇာထက်သန်စေပါသည်။

(၂) **သစ်ရွက်ခြောက်များ၊ သီးနှံအကြွင်းအကျန်များဖြင့် မြေကိုဖုံးအုပ်ကာကွယ်ခြင်း** – ပင်ကြွင်းပင်ကျန်များဖြစ်သည့် သစ်ရွက်ခြောက်များ၊ ကောက်ရိုး၊ စပါးခွံ၊ မြေပဲရိုး၊ မြေပဲခွံ၊ နှမ်းရိုး၊ ပဲရိုး၊ ပြောင်းရိုး၊ မြက်ခြောက်များဖြင့် မြေကြီးကို ဖုံးအုပ်ခြင်းဖြစ်ပါသည်။

(၃) **ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးခြင်း**– ရွာသွန်းသောမိုးရေကို ထိန်းထားနိုင်ပြီး ရေနုတ်မြောင်းပါရှိသဖြင့် ရေဝပ်ခြင်းမရှိစေဘဲ ရေထုတ်ရလွယ်ကူစေပါသည်။ မြေတိုက်စားမှုကို လျှော့ချပေးနိုင်ပြီး ခြောက်သွေ့ရာသီတွင် အစိုဓာတ်ကို ထိန်းထားပေးနိုင်ပါသည်။

(၄) **သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း**– ရာသီသီးနှံများ၊ နှစ်ရှည်သီးနှံပင်များနှင့် သစ်တော၊ သစ်ပင်များ ပုံစံမျိုးစုံဖြင့် ရောနှော၍ စိုက်ပျိုးသည့်နည်းစနစ်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှုကို လျော့နည်းသက်သာစေသည့် စိုက်ပျိုးခြင်းနည်းစနစ်ဖြစ်ပါသည်။

(၅) **မြေလှပ်ထားခြင်း၊ နွေထယ်ရေးခံခြင်း**– မြေလှပ်ထားခြင်း၊ နွေထယ်ရေးခံခြင်းအားဖြင့် မိုးရေကို ထိန်းသိမ်းပေးခြင်း၊ ပိုးမွှားရောဂါ ကာကွယ်ပေးခြင်း၊ မြေဆီလွှာဖွဲ့စည်းမှုကို ကောင်းမွန်စေပြီး လေဝင်လေထွက်ကောင်းမွန်ခြင်း၊ မြေအတွင်း အစိုဓာတ်နှင့် အာဟာရဓာတ်ဆုံးရှုံးမှုကို ထိန်းထားပေးနိုင်သည်။

**စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ဖို့ မြေဆီလွှာထိန်းသိမ်းစို့**

မြေဆီလွှာထိန်းသိမ်းခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ အဓိကအားဖြင့် မြေတိုက်စားစီးဆင်းရေ(runoff water)ကို လျော့နည်းစေခြင်း၊ မြေဆီလွှာတိုက်စားခံရမှု လျော့နည်းခြင်း၊ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အပေါ်ယံမြေဆီလွှာအား အကာအကွယ်ပေးခြင်း၊ မြေအစိုဓာတ်ကို ထိန်းပေးခြင်း၊ မြေဆွေးဓာတ်များ မြေထဲသို့ပြန်လည်ရောက်ရှိစေခြင်း၊ မြေ၏ဂုဏ်သတ္တိများ ကောင်းမွန်လာစေခြင်း၊ မြေဆီလွှာအဆင့်အတန်း တက်လာခြင်း၊ သစ်ပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးလာခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ဂေဟစနစ်ကို ကောင်းမွန်တည်မြဲစေခြင်း၊ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားလာစေခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

သစ်ပင်စိုက်ပျိုးခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်းကဲ့သို့သော မြေဆီလွှာထိန်းသိမ်းခြင်း အစီအမံများသည် မြေဆီလွှာ၏ အာဟာရဓာတ်များနှင့် အော်ဂဲနစ်ပစ္စည်းများကို အကာအကွယ်ပေးပါသည်။ တောင်စောင်းများတွင် ကွန်တိုနည်းစနစ်ဖြင့် စနစ်တကျစိုက်ပျိုးခြင်း၊ လေကာပင်တန်းများနှင့် မြေဆီလွှာ ဖုံးလွှမ်းစေသည့်အပင်များ စိုက်ပျိုးခြင်းကဲ့သို့သော ထိန်းသိမ်းရေးနည်းပညာများသည် မြေဆီလွှာကို တိုက်စားပျက်စီးခြင်း သို့မဟုတ် မြေဆီလွှာဆုံးရှုံးခြင်းတို့မှ ဟန့်တားနိုင်သည့် ထိရောက်သောနည်းလမ်းများ ဖြစ်ပါသည်။ မြေဆီလွှာထိန်းသိမ်းခြင်းသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက်သာမက ဇီဝမျိုးစုံမျိုးကွဲများ ပေါ်တွင်လည်း သက်ရောက်မှုများစွာရှိပါသည်။ ကျန်းမာသော မြေဆီလွှာဂေဟစနစ်သည် အဏုဇီဝသက်ရှိများနှင့် အင်းဆက်ပိုးမွှားများမှ တိရစ္ဆာန်ကြီးများအထိ သက်ရှိများစွာကို ထောက်ပံ့ပေးပါသည်။ မြေဆီလွှာထိန်းသိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် သဘာဝဂေဟစနစ်ကို ကောင်းမွန်စေပါသည်။

မြေဆီလွှာထိန်းသိမ်းရေးသည် စိုက်ပျိုးရေး၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ရာသီဥတု ပြောင်းလဲမှုနှင့် စီးပွားရေးရေရှည်တည်တံ့ခိုင်မြဲရေး စသည့်လုပ်ငန်းနယ်ပယ်များစွာ ရောယှက်ဆက်နွှယ်လျက်ရှိသဖြင့် ဘက်စုံကဏ္ဍစုံ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ နည်းပညာအဆင့်မှသည် မူဝါဒရေးရာအထိ၊ ဒေသခံပြည်သူများ၊ တောင်သူလယ်သမားများ၊ တစ်သီးပုဂ္ဂလဆောင်ရွက်မှုများမှသည် အစုအဖွဲ့များ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအထိ၊ ရပ်ကွက်၊ ကျေးရွာအဆင့်မှသည် နိုင်ငံတော်အဆင့်အထိ အကျိုးဆက်စပ်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ။

# ဟံသာဝတီဖလား အသက်(၂၁)နှစ် အောက် အလွတ်တန်း အမျိုးသားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

ပဲခူး စက်တင်ဘာ ၇

တိုင်းဒေသကြီးအတွင်း မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် အစဉ်အလာကြီးမားခဲ့သည့်ပဲခူးတိုင်း၏ဘောလုံးအားကစားဂုဏ်ကို ပြန်လည်ဖော်ထုတ်နိုင်စေရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် ဟံသာဝတီဖလား အသက်(၂၁) နှစ်အောက် အလွတ်တန်း အမျိုးသားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် ညနေပိုင်းက ပဲခူးမြို့ ဟံသာဝတီယူနိုက်တက်ဘောလုံးကွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားနေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊




ကျောင်းသား ကျောင်းသူများ၊ ဘောလုံးဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ပွဲစဉ်တစ်လျှောက် တစ်ဦးချင်းအကောင်းဆုံးဆု ရရှိသူများ၊ ဒုတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များကို တိုင်းဒေသကြီးဝန်ကြီးများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကျပ်သိန်း ၁၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

အဆိုပါ အသက်(၂၁)နှစ်အောက် အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအသင်း၊ BAGO STARအသင်း၊ ဘုရားကြီးမြို့အသင်း၊ ရှင်စောပုအသင်း၊ ပဲခူး(ဥဿာ)အသင်း၊ ရခိုင်ပြည်နယ်အသင်း၊ ရွှေကျင်မြို့နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ကမ္ဘောဇသာဒီအသင်းနှင့် BAGO (HANTHARWADI)အသင်း စသည့်အသင်း ၁၀ သင်း ပါဝင်ကာယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်တင်ခြင်းခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၇

လယ်ယာကဏ္ဍဖွံ့ဖြိုးရေး စားရေရိက္ခာဖူလုံပိုလျှံရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ လက်တွေ့မြေပြင်လိုအပ်ချက်နှင့် သုတေသနလုပ်ငန်းများ ဟန်ချက်ညီဆောင်ရွက်နိုင်ရေးအတွက် လစဉ်ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲများကို ဌာနတွင်းပညာရှင်များက သက်ဆိုင်ရာကဏ္ဍများမှ ဦးဆောင်ဆွေးနွေးခြင်း၊ အခမ်းအနားတက်ရောက်လာကြသူများက သုံးသပ်အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က (၃၇)ကြိမ်မြောက်ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲတွင် **“မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်တင်ခြင်း”** ခေါင်းစဉ်ဖြင့်ဆွေးနွေးကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်တို့ တက်ရောက်အားပေးကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များနှင့် သုတေသီများက မွေးမြူရေးတိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်တင်ခြင်း နည်းပညာဆိုင်ရာ တိုးတက်မှုများ အသိပညာဖလှယ်နိုင်ရေး၊ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားရေးနှင့် အကျိုးအမြတ် ပိုမိုရရှိစေရေးအတွက် တိရစ္ဆာန်များ၏ မျိုးရိုးဗီဇအရင်းအမြစ်များကို လက္ခဏာသတ်မှတ်ဖော်ထုတ်ခြင်း၊ ကာကွယ်ခြင်း၊ သုတေသနများ ပြုလုပ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာများ၊ ခေတ်မီနည်းပညာများကို အသုံးပြု၍ မျိုးမြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်အဖွဲ့အစည်းများအားလုံး ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည့် နည်းလမ်းများရှာဖွေနိုင်ရေး၊ ငါးကဏ္ဍဆိုင်ရာ နိုင်ငံ၏ မူဝါဒများ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ



ပူးပေါင်းဆောင်ရွက်မှုများ၊ ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးမှု အခြေအနေများ၊ သားစပ်နည်းစနစ်များ၊ မျိုးမြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ၊ ဆက်လက်လုပ်ဆောင်သင့်သောအချက်များနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ မြန်မာ့ဒေသမျိုးရင်းများနှင့် ဒေသမျိုးကောင်းမျိုးသန့် ထိန်းသိမ်းခြင်းတို့၏ အရေးပါမှု၊ သုတေသနများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျုံပျော်မြို့၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ကျုံပျော် စက်တင်ဘာ ၇

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ တေဇရပ်ကွက်ရှိ ပြည်သူ့ဆေးရုံ၌ ယနေ့နံနက် ၇ နာရီက ရဲတပ်ဖွဲ့ဝင်များ စုပေါင်းကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျုံပျော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်လွင်၊ ကျုံပျော်မြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူး တင်လှိုင်နှင့် မြို့မစခန်းမှူး ဒုရဲမှူး ဝင်းထွန်းနိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၆၈ ဦးတို့က ပြည်သူ့ဆေးရုံကြီးရှေ့ရှိ ပေါင်းမြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# နွားနှင့်ဆိတ် မေထုန်မဲ့သားစပ်သင်တန်းဆင်းပွဲ ကျင်းပ

မကွေး စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် နွားနှင့်ဆိတ်မေထုန်မဲ့သားစပ်သင်တန်း(၃/၂၀၂၄/မက) ဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ခရိုင်အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးမင်းထွန်းက တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်ထွန်းကားလာစေရန်နှင့် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ တိုးပွားရေးအတွက် မေထုန်မဲ့သားစပ်ခြင်းနည်းပညာဖြင့် မျိုးမြှင့်တင်သားစပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သရက်၊ မင်းတုန်း၊ ကံမ၊ မင်းလှ၊ အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၁၀၂ ဦး တက်ရောက်ပြီး သင်တန်းဆင်းပြီးသူများအနေဖြင့် မိမိတို့ဒေသအတွင်း မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ပိုမိုမွေးမြူလာနိုင်ပြီး မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် လက်တွေ့အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့က နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွန်းနိုင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၂၃ ဦးတို့နှင့်အတူ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၄၃)ရပ်ကွက်၊ဗိုလ်ထွန်းစံလမ်းရှိ အမှတ်(၂၃)အခြေခံပညာမူလတန်းကျောင်း၏ ရှေ့မျက်နှာစာရှိ ချုံနွယ်ပိတ်ပေါင်းနှင့် မြက်များအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**





နှစ် (၆၁) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဆန်းဝင်း ဦးစီး (ပ) ဦးရေးထောက် ဒုရဲမှူးကြီးထွန်းရွှေတို့ဦးစီး၍ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် လက်ရုံးတပ်ဖွဲ့မှတပ်ဖွဲ့ဝင်စာရေး ဝန်ထမ်း ၉၀ တို့က ပုသိမ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းရာ ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ တက်ရောက် အားပေး၍ သွေးလှူဒါန်းသူ တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာအဖြစ် ကြက်ဥ၊ Royal D၊ ပဲနို့ ငှက်ပျောသီး၊ သွေးအားတိုးဆေး၊ ဓာတ်ဆားထုပ်များထောက်ပံ့ပေးအပ်စဉ်။ ပုသိမ်လှကြည်

# ပင်းတယမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ပင်းတယ စက်တင်ဘာ ၇

နှစ် (၆၁) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ပင်းတယမြို့နယ်ရဲတပ်ဖွဲ့တို့မှ ပင်းတယမြို့ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်ရာ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူး ဒုတိယရဲမှူးကြီး နေလင်းနှင့် တပ်ဖွဲ့ဝင်များ၊ ပင်းတယမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ပင်းတယမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အေးမင်းနှင့် တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့မှ ဒုရဲမှူးစိုးမင်းနှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၅ ဦးတို့က စုပေါင်းသန့်ရှင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မိုးမိုးထွေး(ပင်းတယ)

■



# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်

လှိုင်လင် စက်တင်ဘာ ၇

နှစ် (၆၁) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်လင်မြို့တွင် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်သည် မိသားစုဝင်များစုပေါင်း၍ ယနေ့နံနက်ပိုင်းက လှိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ကြသည်။

ထိုသို့စုပေါင်းဆောင်ရွက်ရာတွင် ခေတ္တခရိုင်ရဲမှူး၊ ဒုတိယခရိုင်ရဲမှူး ဇာနီချစ်၊ မြို့နယ်ရဲမှူး စိုးလွင်ဦးတို့ဦးစီး၍ တပ်ဖွဲ့ဝင်များ၊ ရဲမေများနှင့် အိမ်ထောင်သည်များ စုစုပေါင်းအင်အား ၉၀ တို့က ပေါင်းမြက်များရှင်းလင်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြကြောင်းသိရသည်။

လှိုင်လင်မိုး

# ဓနုဖြူမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ဓနုဖြူ စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက (နဲ့ကြိုး)ကျောင်း၌ ကျင်းပသည်။

## ပူးပေါင်းဆောင်ရွက်

အဆိုပါဟောပြောပွဲတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းထူးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်အိမ်တက်ဆင်း ကောက်ယူမည်ဖြစ်ကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မှန်ကန်စွာ ရရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်ကော်မတီအဖွဲ့နှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက တာဝန်ရှိသူများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး သိကောင်းစရာ အချက်အလက်များအား ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ သိရှိစေရန် ဟောပြောခဲ့ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



# လပွတ္တာမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

လပွတ္တာ စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့က နှစ်(၆၁)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီက ပြုလုပ်သည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်း သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်သက်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းနိုင်တို့ဦးစီးသော တပ်ဖွဲ့ဝင်များက အထက(၂)ကျောင်းဝင်းအတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးအတွက် မြက်များရှင်းလင်းခြင်း၊ ခြင်များခိုအောင်းနိုင်သော ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မူမူ

# ထန်းတပင်မြို့နယ်၌ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ ကျင်းပ

ထန်းတပင် စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကြယ်စင်ရတနာကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်း၌ ပြုလုပ်သည်။

ဦးစွာပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးဆရာမကြီးက ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများက ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ ယာယီနေရပ်စွန့်ခွာစခန်း၊ မြို့မဈေးနှင့်တိုက်နယ်ဆေးရုံတို့တွင် ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





နှစ်(၆၁)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ မိတ္ထီလာမြို့နယ် သီးကုန်းအမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး သီဟဂျမ်းဦးစီးသည့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက သီးကုန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ပတ်ဝန်းကျင်နှင့် ကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ချမ်းသာ(မိတ္ထီလာ)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# မွန်ပြည်နယ်ဝန်ကြီးချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



မော်လမြိုင် စက်တင်ဘာ ၇

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော အခြေခံပညာကျောင်းများဖော်ဆောင်ပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်/ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင် အင်အား ၁၅၀ ဖြင့် စာသင်ကျောင်းအတွင်း ပတ်ဝန်းကျင် သာယာလှပရေးနှင့် ကျောင်းကျန်းမာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ချုံနွယ်များ၊ မြက်များ၊ အမှိုက်များကို ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက စာသင်ကျောင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအပေါ် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# ကျိုင်းတုံမြို့ နောင်တုံကန်သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျိုင်းတုံ စက်တင်ဘာ ၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက် ၇ နာရီခွဲက နောင်တုံကန်တွင် ဆောင်ရွက်ကြရာ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းလွင်နှင့် တပ်ဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာနဝန်ထမ်းများ၊ တပ်မတော်သားများက နောင်တုံကန်အတွင်းရှိ ဒိုက်ပင်များ၊ ရေမှော်ပင်များ ဆယ်ယူခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး အမှိုက်များ ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။



ထို့သို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အေးသိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# တံတားဦးမြို့နယ်၌ မိုးစပါးအထွက်နှုန်း ရရှိရေး ဓာတ်မြေဩဇာထောက်ပံ့

တံတားဦး စက်တင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် မိုးစပါးစံပြကွက်များကို တောင်သူများက ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ခြင်း၊ ထောက်ပံ့ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက တံတားဦးမြို့နယ် ချောင်းခွကျေးရွာ ကွင်းအမှတ်-၁၄၁၂(ခ) တောင်သူ ဦးစိုးလှိုင်ဦး၏ မိုးစပါးစိုက်ခင်း ဧက ၂၀ တွင် ဆောင်ရွက်သည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကနေဒီထွန်းက မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး ရှင်းလင်းပြောကြားကာ ဒေသခံတောင်သူများက မိုးစပါး စံပြကွက်များကို ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ပေးကြပြီး မိုးစပါးစံပြကွက် ဧက ၂၀ စိုက်ပျိုးသည့် တောင်သူ ဦးစိုးလှိုင်ဦးအား သဘာဝမြေဩဇာနှင့် ၁၅-ပတ်လည် ကွန်ပေါင်း ဓာတ်မြေဩဇာများထောက်ပံ့ပေးသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများက မိုးစပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် လေးမျိုးဖြစ်သည့် ဧရာမင်း၊ ဆင်းသုခ၊ GW – 11 နှင့် GW – 18 စပါးမျိုးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုကြကြောင်း သိရသည်။ ရဲတင့်(ပြန်/ဆက်)



# ရွှေကျင်မြို့၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးပိုစတာစိုက်ထူ

ရွှေကျင် စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနက မိုးရာသီကာလတွင် ဖြစ်ပွားမှု များပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးပိုစတာ စိုက်ထူးခြင်းကို ယနေ့မွန်းလွဲ ၁ နာရီခွဲက(ခုတင်-၁၀၀)ပြည်သူ့ဆေးရုံရှေ့နှင့် မြို့မဈေးရှေ့တို့၌ ပြုလုပ်သည်။



အဆိုပါပိုစတာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားရသည့် အကြောင်း၊ ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများဖြစ်သည့် တစ်ကိုယ်ရေ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ခြင်း၊ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲခြင်း၊ ရေကိုကျိုချက်၍ သောက်သုံးခြင်း၊ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးခြင်း၊ အစားအစာများကို ယင်မနားအောင် လုံခြုံစွာဖုံးအုပ်ထားခြင်းနှင့် ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်း ရေးကို အထူးဂရုပြု ဆောင်ရွက်ခြင်းစသည့် အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

❖



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး(နေပြည်တော်)နှင့် တွဲဖက်တပ်ဖွဲ့စုများမှ တပ်ဖွဲ့ဝင်အင်အား စုစုပေါင်း ၇၀ က နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အေးလာမြို့ရှိ ဇောဓိပက္ခိယ ဓမ္မရိပ်သာကျောင်းတိုက်၌ စက်တင်ဘာ ၇ ရက်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ သတင်းစဉ်

# ချောင်းဆုံမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ချောင်းဆုံ စက်တင်ဘာ ၇

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများက ယနေ့နံနက် ၇ နာရီတွင် ချောင်းဆုံအနောက်ရပ်ကွက်ရှိ ဘုရားလေးဆူ ရဲရန်အောင်ဘုရားစေတီတော်ရင်ပြင်နှင့် ပတ်ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။



အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင် ဦးဆောင်မှုဖြင့် အရာရှိ၊ ရဲတပ်ဖွဲ့ဝင်နှင့် အခြားအဆင့် တပ်ဖွဲ့ဝင် ၃၀ နှင့် တပ်ဖွဲ့မိသားစုဝင်များက ဘုရားဖူးလာကြသူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်စေရန်အတွက် ဘုရားစေတီတော်သွားရာလမ်းတစ်လျှောက် ချုံနွယ်များ ရှင်းလင်းခြင်း၊ စေတီတော်ရင်ပြင်သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် စေတီတော် ရောင်တော်ဖွင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်မှာ ၁၁ လခန့်ကြာမြင့်ပြီ

**ဂျေရုဆလင် စက်တင်ဘာ ၇**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်မှာ ၁၁ လခန့်ကြာမြင့်ပြီဖြစ်သည်။

အဆိုပါကာလအတွင်း နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများကြောင့် သေဆုံးသူဦးရေ ၄၀၀၀၀ ကျော် ရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဓားစာခံများ လွတ်မြောက်ရေး အပါအဝင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုနှင့်ပတ်သက်ပြီး ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်ခြင်းမရှိသေးပေ။

ဂါဇာတောင်ပိုင်းဒေသ၌ ကလေးငယ်များ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည့်အတွက် အစ္စရေးနှင့် ဟားမတ်စ်တို့သည် အပြန်အလှန်စစ်ဆင်ရေးဆင်နွှဲမှုများ ရပ်ဆိုင်းထားသည်။

အစ္စရေး-ဟားမတ်စ်တို့၏ တိုက်ပွဲများကြောင့် သေဆုံးသူ ၄၀၈၇၈ ဦးရှိကြောင်း ဂါဇာရှိ ကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

အမေရိကန် အပါအဝင် အီဂျစ်နှင့် ကာတာ နိုင်ငံများသည် အပစ်အခတ်ရပ်စဲရေး အဆိုပြုချက် အသစ်တစ်ခု ထွက်ပေါ်လာရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အန်နာလီနာ ဘာဘော့ခ်သည် စက်တင်ဘာ ၆ ရက်တွင် အစ္စရေးနိုင်ငံသို့ သွားရောက်ခဲ့ပြီး စစ်ရေးအရဖိအားပေးမှုများ လုပ်ဆောင်ရာတွင် ဓားစာခံများ၏အသက်ကို ငဲ့ကွက်သင့်ကြောင်း ဆွေးနွေးပွဲများတွင် ထည့်သွင်းပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု အမြန်ဆုံးရရှိရန် အစ္စရေးပြည်သူများက နေ့စဉ်ဆန္ဒထုတ်ဖော်လျက်ရှိသည်။

ဂါဇာကမ်းမြောင်ဒေသရှိ မဟာဗျူဟာကျသော နေရာများ၌ အစ္စရေးတပ်ဖွဲ့ဝင်များကို ဆက်လက်ဖြန့်ကြက်ထားရှိရမည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားခဲ့သည်။ ဟားမတ်စ်အဖွဲ့ကလည်း ယင်းကိစ္စအပေါ် အပြင်းအထန် ငြင်းဆိုလျက်ရှိကြောင်း သိရသည်။



**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

## အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက ယူဂန္ဓာနိုင်ငံသို့ မျောက်ကျောက်ရောဂါကာကွယ်ဆေး အလုံးရေ ၂၀၀၀ ခွဲဝေပေး

**ကမ်ပါလာ စက်တင်ဘာ ၇**

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနသည် ယူဂန္ဓာနိုင်ငံသို့ မျောက်ကျောက်ရောဂါကာကွယ်ဆေး အလုံးရေ ၂၀၀၀ ကို ခွဲဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးများ မကြာမီအချိန်တွင် ရောက်ရှိလာမည်ဖြစ်ပြီး ပြည်သူ ၁၀၀၀ ခန့်ကို ကာကွယ်ဆေးထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း ယူဂန္ဓာကျန်းမာရေးဝန်ကြီး ဂျိန်းရှအာဆန့်ဂျိုက သတင်းထောက်များကို ပြောကြားသည်။

နိုင်ငံအတွင်း၌ မျောက်ကျောက်ရောဂါကာကွယ်ဆေးများ ပိုမိုရရှိရန်အတွက် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဂျိန်းရှအာဆန့်ဂျိုက ပြောသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ကာကွယ်ဆေးများကို သာတူညီမျှရရှိစွာ ဖြန့်ဝေပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယူဂန္ဓာနိုင်ငံ၌ ဩဂုတ်လအစောပိုင်းတွင် မျောက်ကျောက်ရောဂါကူးစက်ခံရမှုကို စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။ ရောဂါကူးစက်ခံရသူ ၁၀ ဦးအနက် လေးဦးမှာ ပြန်လည်သက်သာလာပြီး ကျန်လေးဦးမှာ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ ရောဂါရှိသူများနှင့် ထိတွေ့သူ ၄၉ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နိုင်ငံအတွင်း၌ မျောက်ကျောက်ရောဂါကူးစက်မှုကို အပြည့်အဝ ထိန်းချုပ်ထားနိုင်သည့်အတွက်ခရီးသွားလာရေးလုပ်ငန်းများကို ထိခိုက်မှုမရှိကြောင်း ကျန်းမာရေးဝန်ကြီး ဂျိန်းရှအာဆန့်ဂျိုက ပြောသည်။

ဩဂုတ်လတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါကို ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

## ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ် ပထမရှစ်လအတွင်း မိုးကြိုးပစ်မှုကြောင့် လူ ၅၀ သေဆုံး

**ဖနောင်ပင် စက်တင်ဘာ ၇**

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ် ပထမရှစ်လအတွင်း မိုးကြိုးပစ်မှုကြောင့် လူ ၅၀ သေဆုံးပြီး ၂၀၂၃ ခုနှစ် အလားတူကာလတွင် သေဆုံးသူ ၆၄ ဦးရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၂ ရာခိုင်နှုန်းနီးပါး ကျဆင်းသွားကြောင်း ကမ္ဘောဒီးယားနိုင်ငံ သဘာဝဘေးအန္တရာယ် ထိန်းချုပ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆော့ကင်ကိုမိုနီက စက်တင်ဘာ ၇ ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း မိုးကြိုးပစ်၍ လူသေဆုံးမှုအများအပြားရှိခဲ့သည့်အပြင် အခြား ၄၃ ဦး ဒဏ်ရာရခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ဆော့ကင်ကိုမိုနီက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ မိုးကြိုးပစ်ခံရမှုဒဏ် အများဆုံးခံစားရသည့် ပြည်နယ်များမှာ ဆီယမ်ရိ၊ ဘက်တမ်ဘန်၊ပရေဗန်၊ တီဘောင်ခွမ်နှင့် ဘန်တေးမန်ချေးပြည်နယ်များဖြစ်ကြောင်း သိရသည်။

မိုးကြိုးပစ်ခြင်း အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အထူးသဖြင့် ကျေးလက်ဒေသများတွင် နေထိုင်သူများသည် မုန်တိုင်းကျရောက်ချိန် သို့မဟုတ် မိုးသည်းထန်စွာ ရွာသွန်းချိန်များတွင် နေအိမ်များ သို့မဟုတ် အမိုးအကာများအောက်တွင် နေထိုင်သင့်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ဆော့ကင်ကိုမိုနီက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

မိုးကြိုးပစ်မှုကြောင့် ထိခိုက်သေဆုံးမှုများအပြင် မုန်တိုင်းကြောင့် ယခုနှစ် ပထမရှစ်လတာကာလအတွင်း အိမ်ခြေ ၄၈၂ လုံး ပျက်စီးခဲ့ကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ကမ္ဘောဒီးယား နိုင်ငံသည် သဘာဝဘေးအန္တရာယ် လျှော့ချရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈)ကို စက်တင်ဘာ ၂ ရက်တွင် စတင်ခဲ့ပြီး စီးပွားရေးနှင့် လူ့အဖွဲ့အစည်းအပေါ် ဘေးအန္တရာယ် ကျရောက်မှုများကို လျှော့ချရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်သည် အသက်ဆုံးရှုံးမှု၊ စီးပွားရေးဆုံးရှုံးမှုနှင့် အခြေခံ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများကို လျှော့ချရန် ဘုံရည်မှန်းချက်ဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘေးကင်းပြီး ခံနိုင်ရည်ရှိသည့် အသိုက်အဝန်းကို တည်ဆောက်ရန် လမ်းပြမြေပုံ တစ်ခုဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဩဂုတ်လအတွင်း ရေကြီးမှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ သန်း ၂၈၀ ဆုံးရှုံးခဲ့

**ဒါကာ စက်တင်ဘာ ၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့ပိုင်းတွင် ဩဂုတ်လအတွင်းက ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဘင်္ဂလားဒေ့ရှ်ငွေကြေး တာကာ ၃၃ ဒသမ ၄၆ ဘီလီယံ (အမေရိကန် ဒေါ်လာ သန်း ၂၈၀) ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန၏ နောက်ဆုံးရအချက်အလက်များအရ နိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှုဒဏ်ခံရသော လယ်ယာမြေစုစုပေါင်း ၃၇၂၇၃၃ ဟက်တာရှိသည့်အနက် သီးနှံစိုက်ခင်း ဟက်တာ ၂၀၀၀၀၀ ကျော် ပျက်စီးခဲ့သည်ဟု ဆိုသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တောင်ကျရေကျဆင်းမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုသည် ဩဂုတ် ၂၀ ရက်က စတင်ခဲ့ပြီး နိုင်ငံအရှေ့တောင်ပိုင်းရှိ ဖီနီ၊ ကူမီလ်လာ၊ ချက်တိုဂရမ်နှင့် နိုယာခါလီအပါအဝင် ခရိုင်အများအပြားတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လယ်သမား ၁ ဒသမ ၄ သန်းကျော်သည် ရေကြီးရေလျှံမှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုဒဏ် ခံခဲ့ရကြောင်းနှင့် လယ်သမားများအား ထောက်ပံ့ရန် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ခရိုင် ၁၁ ခုတွင် သေဆုံးသူ ၇၁ ဦးအထိ ရှိလာပြီး ဖီနီခရိုင်တစ်ခုတည်းတွင် ၂၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ပါကစ္စတန်၊ အီရန်နှင့် တူကီယဲနိုင်ငံများမှ အာဖဂန်ဒုက္ခသည် ၃၀၀၀၀ ကျော် နေရပ်သို့ပြန်လည်ရောက်ရှိ

**ကဘူးလ် စက်တင်ဘာ ၇**

ပါကစ္စတန်၊ အီရန်နှင့် တူကီယဲနိုင်ငံများမှ အာဖဂန်ဒုက္ခသည် ၃၀၀၀၀ ကျော်သည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ၎င်းတို့၏ မွေးရပ်မြေသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၆ ရက်တွင် ပြောကြားသည်။

၎င်းတို့အနက် ၂၅၀၀ ဝန်းကျင်မှာ ပါကစ္စတန်နိုင်ငံမှဖြစ်ပြီး ၁၉၀ ခန့်မှာ တူကီယဲနိုင်ငံနှင့် ကျန်ပြည်သူများမှာ အီရန်နိုင်ငံမှ ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အဘ်ဒူမူတာလစ်ဘ် ဟတ်ကာနီ၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်းမီဒီယာတိုလိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် ပြီးခဲ့သည့်နှစ်အတွင်း အာဖဂန်ဒုက္ခသည် ပေါင်း ၁ ဒသမ ၇၈ သန်းသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အာဖဂန် အိမ်စောင့်အစိုးရသည် ပြည်ပရောက် အာဖဂန်ဒုက္ခသည်များအား ၎င်းတို့၏ ဇာတိမြေသို့ ပြန်လာပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကြရန် တောင်းဆိုလျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းကုန်းမြို့နယ် သီရိရတနာဈေးရှိ ဂိုဒေါင်တစ်လုံးနှင့် ဂိုဒေါင်ရှေ့၌ ရပ်တန့်ထားသော ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ကိုးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၇၅၄၇၅)နှင့် အဆိုပါပစ္စည်းများတင်ဆောင်ထားသည့် Yutong Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၇၅၄၇၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် စက်တင်ဘာ ၅ ရက်တွင် ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Box Truck Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စက်တင်ဘာ ၆ ရက်တွင်မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၈၇၉၄၃) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၀၈၇၉၄၃ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မြစ်သားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၉၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမှ မုံရွာမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၉၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၃၉၂၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

စက်တင်ဘာ ၆ ရက်နှင့် ၇ ရက် တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေ အရလည်းကောင်း၊ ခန္တီးမြို့နယ်၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၂၀ ဂါလန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၅၇၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၁၅၇၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၆၉၄ တန်၊ သစ်မာ သုည ဒသမ ၆၄၃ တန်၊ အခြားသစ် ၂ ဒသမ ၁၀၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၃၁၅၂ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၂၆၆၀၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Thar Taw Maung” TikTokအကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် တောဘုတ်စုကျေးရွာနေ ဖိုးချစ်အား မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Chau Chau” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဇောဓိကုန်းရပ်ကွက်နေ ချူးချူးအား ည ၉ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၉-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ရတနသုတ်၊ဓေဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၁၅ ကာတွန်းအစီအစဉ် **‘တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း’** (အပိုင်း-၆)
- ၀၉:၂၅ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဝေဖန်ပြတ်ခြေ
- ၁၀:၀၀ သတင်းသမားပြောတဲ့ သတင်းစကား
- ၁၀:၂၀ **‘ချစ်ရောင်ခြည်’** တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၀ This Week's Special Interest
- ၁၃:၂၀ MRTV National News
- ၁၃:၅၀ မြန်မာဂန္တဝင်ရုပ်ရှင် **‘ဘယ်သူပြိုင်လို့လှပါတော့နိုင်’** (ဇော်ဝမ်း၊ဝင်းလှိုင်၊အံ့ကျော်၊တင်တင်ညို)
- ၁၆:၄၀ ပညာရေးစကားဝိုင်း(အပိုင်း-၂)
- ၁၇:၃၅ ကျန်းမာသောဘဝနှင့် လှပသောအနာဂတ်
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသံ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **‘ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး’** (အပိုင်း-၄၈)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် (Video Clip)
- ၂၁:၁၀ ပြည်ချစ်သားမွန်တေးသံ
- ၂၁:၂၀ ဘဝနှင့်အနုပညာ **‘အကယ်ဒမီခင်စန္ဒြည်ကျော်နှင့်တစ်ခဏတာ’** (အပိုင်း-၂)
- ၂၁:၅၀ ဆေးရောင်စုံရုပ်ရှင် **‘ဝန်းပြိုင်လယ်ကဥယျာဉ်မှူး’** (ကျော်ဟိန်း၊နေအောင်၊သီဂီထွန်း)

### mitv

- 07:01 Evergreen Classic: Mingala Prayer (Version-1)
- 07:05 Shwedagon Buddha Museum
- 07:39 A Traditional Food in Bagan: Pone Ye Gyi
- 07:52 Lets Serve in the Military by Upholding Partriotism and Nationalism
- 08:01 News
- 08:27 Asia Updates: The Zero Waste Town (NHK)
- 08:32 The Outstanding Ones
- 08:38 A Trip to Gyobyu Reservoir (Part-2)
- 09:01 The Ornithologist: Dr. Thein Aung
- 09:33 Today Myanmar: Famous Ywangan Coffee and the Coffee Growers
- 09:43 The National Traditional Rowing Team
- 09:54 Waso or the Buddhist Lent
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (ကြံစိုက်ပျိုးရေးနှင့်ပဲသီးတင်ပို့ရောင်းချမှု)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ကချင်ဝက်အူချောင်း

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားရိုးရာဝက်အူချောင်း

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၂)

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ချိုအေးမွှေးတဲ့အုန်းမွှေးလုံး

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
သွေးလွှန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်းတောင်ပေါ်မှ တောလိုက်မုဆိုးများ

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ဆေးဖက်ဝင်ပေဒါပင်

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
သွေးချင်းတို့ရဲ့ခေါင်လန်ဖူး

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှမ်းရိုးရာပိန်းပွင့်ချက်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၄၅ ပညာရေးစကားဝိုင်း(အပိုင်း-၂)
- ၁၉:၁၅ Next Level
- ၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ News Desk

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **‘ကိုရီးယားနိုင်ငံ’**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **‘ငွေငွေငွေ့ချယ်မှု’**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **‘ဝင်ကာပူနိုင်ငံ’**
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **‘အာဖရိကနိုင်ငံ’** (အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၁၆)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၁၅ သဘော်စိုက်ပျိုးနည်းနှင့် သဘော်သီးချဉ်စပ်ယိုပြုလုပ်နည်း
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၇:၁၅ ကျေးလက်ကွန်ရက်
- ၁၈:၀၀ Asteroid City (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ သားပိုက်ကောင်(ဇာတ်လမ်း)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၁၅ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## ဘားအံမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**ဘားအံ စက်တင်ဘာ ၇**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၁)ရပ်ကွက် မြိုင်သဇင်ကျောင်းတိုက်၌ ဆောင်ရွက်ကြသည်။

ထိုသို့ ပြည်သူ့အကျိုးပြုလုပ်ငန်းစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲမှူးဆန်းဦး ဦးစီး ၁၀ ဦး၊ ပြည်နယ်အကူတပ်ဖွဲ့ခွဲ ဒုရဲမှူးကြီးဇော်ဇော်နေဟိန်းဦးစီး ၁၀ ဦး၊ ဘားအံခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဒုရဲမှူးကြီး ရဲထွန်းနိုင်ဦးစီး ၂၀၊ အမှတ် (၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ရင်းမှူးဒုရဲမှူးကြီးသန့်ဇင်ဦးစီး ၂၃ ဦး၊ ဘားအံမြို့နယ် ရဲတပ်ဖွဲ့ ရဲမှူးမင်းဆွေဦးစီး ၁၇ ဦး စုစုပေါင်း ၈၀ သည် မြိုင်သဇင်ဘုန်းတော်ကြီးကျောင်း အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် ခြင်များခိုအောင်းနိုင်သောချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပလတ်စတစ်နှင့် စွန့်ပစ်အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ခြင်း အစရှိသည့် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဘားအံ စက်တင်ဘာ ၇**

ကရင်ပြည်နယ် ဘားအံမြို့၌ နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ဘားအံမြို့ မိန်လှကုန်းကျေးရွာ ဝိဇ္ဇာလင်္ကာရ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပေါင်းမြက်ချုံနွယ်များ၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ဆုတောင်းပြည့်စေတီတော်အား ရောင်တော်ဖွင့်သန့်ရှင်းရေးဆောင်ရွက်ခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဦးဆောင်မှုဖြင့် ကျောင်းဝင်းအတွင်း ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပေါင်းမြက်များရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ဆုတောင်းပြည့် စေတီတော်အား ရောင်တော်ဖွင့်ခြင်းများကို အရာရှိ အရာခံ ၁၀ ဦး၊ တပ်ဖွဲ့ဝင် ၅၀ စုစုပေါင်း ၆၀ တို့ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ဒေးဒရဲ စက်တင်ဘာ ၇**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ရဲတပ်ဖွဲ့ဝင်များက အများပြည်သူများနှင့် သက်ဆိုင်သောနေရာများတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီက ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျုံစေတီတော်မြတ်ကြီးတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိန်လွင်အောင်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းလှိုင် ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက မြို့ကျက်သရေဆောင် ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျုံ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း/အပြင်ရှိ အမှိုက်သရိုက်၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းများကို ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၇

## မုဒုံမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မုဒုံ စက်တင်ဘာ ၇**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ



ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက မုဒုံမြို့ကျက်သရေဆောင် ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်ကြီး၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မုဒုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဝင်း၊ မြို့မရဲစခန်းမှ ဒုရဲမှူး ဝင်းထွဋ်အောင်နှင့် တပ်ဖွဲ့ဝင်များက စေတီတော်ရေသပ္ပာယ်ခြင်း၊ ဘုရားဝင်းအတွင်း ချုံနွယ်ပေါင်းမြက်အမှိုက်များ ရှင်းလင်းခြင်း၊ ရေပြင်တော်ပေါ်ရှိ ရေညှိများ ပွတ်တိုက်ခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများကို လည်းကောင်း၊ ကမာဝက်နယ်မြေရဲစခန်းမှ ရဲအုပ်နှင့်တပ်ဖွဲ့ဝင်များက ကျိုက်ကမော့လေးပုံတူ စေတီတော်တွင် လည်းကောင်း ပြည်သူ့အကျိုးပြုလုပ်ငန်းစုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်ကြကြောင်း သိရသည်။

အောင်မျိုးသူ (ပြန်/ဆက်)

## ကလောမြို့ မဟာဓမ္မိကာရာမ သိမ်တောင်ပရိယတ္တိစာသင်တိုက်၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကလော စက်တင်ဘာ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ မဟာဓမ္မိကာရာမ သိမ်တောင်ပရိယတ္တိစာသင်တိုက်၌ ခြင်အန္တရာယ်၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် စက်တင်ဘာ ၇ ရက် နံနက် ၇ နာရီက ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်လွင်၊ ကလောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးလင်းဇော်ထွေးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁)ဗိုလ်မှူး နိုင်လင်းထွန်းတို့က ဦးဆောင်၍ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ ကလောမြို့ မဟာဓမ္မိကာရာမ သိမ်တောင်ပရိယတ္တိစာသင်တိုက်အတွင်းရှိ ချုံ၊ နွယ်၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## သံဖြူဇရပ်မြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သံဖြူဇရပ် စက်တင်ဘာ ၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် နှစ် (၆၀)ပြည့်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဘုရားဖူးမြော်နိုင်စေရေးအတွက် ယနေ့နံနက် ၇နာရီမှစတင်၍ ကျိုက္ခမီမြို့ ဓမ္မစေတီရပ်ကွက်ရှိ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးတွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးကို သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမိုးမြင့် ဦးစီး၍ရဲတပ်ဖွဲ့ဝင်များက ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ် ဘုရားကြီး၏ ပရိဝုဏ်အတွင်း/အပြင်များ၌ ဘုရားကျောင်းဆောင်များ ရှင်းလင်းခြင်း၊ ပန်းများကပ်လှူခြင်း၊ အမှိုက်များရှင်းလင်းခြင်းများကို စုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






## ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

- လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

## နမ့်စန်မြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးဆောင်ရွက်

နမ့်စန် စက်တင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နမ့်စန်ခရိုင် ရဲတပ်ဖွဲ့ကဦးစီး၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၄)ရပ်ကွက်ရှိ မြို့ဦးသီရိမင်္ဂလာ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



နမ့်စန်ခရိုင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်နှင့် ဦးစီးတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်မိုးနှင့် ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၈ ဦးခန့်က မြို့ဦးသီရိမင်္ဂလာ ဘုန်းတော်ကြီးကျောင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။

သူရအောင်(နမ့်စန်)

## ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်

ကျိုက်ထို စက်တင်ဘာ ၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီ က ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက်ရှိ အမက (သမလ)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် လုပ်ငန်းကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးထွေးက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ကျိုက်ထို(ပြန်/ဆက်)



## မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၌ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မကွေး စက်တင်ဘာ ၇




မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တို့ပူးပေါင်း၍ စက်တင်ဘာ ၇ ရက် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ အထိမ်းအမှတ် "သန့်ရှင်းသော လေရရှိဖို့ ရင်းနှီးမြှုပ်နှံဖို့ စတင်စို့"ခေါင်းစဉ်ဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက်က မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးနှင့် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်တို့က အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ၂၀၂၄ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ဆောင်ပုဒ်နှင့် ရည်ရွယ်ချက်များ၊ လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများ၊ လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်စေသည့်အကျိုး သက်ရောက်မှုများ၊ ပြည်သူလူထုကို သန့်ရှင်းသော လေရရှိရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်ကို(ဖန်ခါးမြေ)



## ပေါင်မြို့နယ်၌ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ(ယိုမျိုးစုံ)သင်တန်း ဖွင့်လှစ်

ပေါင် စက်တင်ဘာ ၇

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ သထုံခရိုင် အသေးစား စက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာ(ယိုမျိုးစုံ) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက နတ်ကြီးချောင် ကျေးရွာ အခြေခံပညာအထက် တန်းကျောင်း ရာပြည့်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ သထုံခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကား ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်အိကလျာနိုင်က စီမံကိန်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်က သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများကို သင်တန်းသူများထံ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး သီးနှံအခြေခံယိုမျိုးစုံ ထုတ်လုပ်နည်းများကို စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ခုနစ်ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လှည်းကူးပညာရေးဒီဂရီကောလိပ်၌ အသိပညာပေး ဟောပြောပွဲ ကျင်းပ

လှည်းကူး စက်တင်ဘာ ၇

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ နှင့် လောင်းကစားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက လှည်းကူးပညာရေးဒီဂရီ ကောလိပ် ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

အခမ်းအနားတွင် လှည်းကူး ပညာရေးဒီဂရီ ကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခများက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေနှင့် လောင်းကစား ဥပဒေဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ဟောပြော ဆွေးနွေးခဲ့ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ဆွေးနွေး မေးမြန်းခဲ့သည်။ အခမ်းအနားသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

မိုး/ဇလ

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

(ယမန်နေ့မှ အဆက်)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းနွေဦး (ယိုးဒယား)
(ခ) တိမ်တမန် (ကာလပေါ်)
(ဂ) ရွှေပြည်ကြီးရော (ကြိုး)

**"မယ်ဒလင်" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဖော်ကွာဝေး (ယိုးဒယား)
(ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
(ဂ) မန္တလာဘုံ (ဘွဲ့)
(ဃ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(င) အမင်းမင်းခရ (သီချင်းခံ)
(စ) မြူဝန်းလို့ခို (ပတ်ပျိုး)
(ဆ) ဂန္ဓမာတောင် (ဘွဲ့)
(ဇ) တောမြိုင်စွန်းက လွမ်းအောင်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) သူဌေးဝါဒ (ကာလပေါ်)
(ဂ) အတိုင်းမသိ (ဘွဲ့)
(ဃ) လူမနော (ပတ်ပျိုး)
(င) ပန်းဟေဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဘုံဆောင်မြင့် (ကြိုး)
(ခ) ဂုဏ်တော်ဖွင့် (ကာလပေါ်)
(ဂ) ဆန်းနွေဦး (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) သည်ဆောင်းဟေမန် (ဘွဲ့)
(ခ) ပွင့်ဦး (ကာလပေါ်)
(ဂ) ကုဏ္ဍလာအိုင်ဘွဲ့ (ယိုးဒယား)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဝေဘာဂီရိ (ကြိုး)
(ခ) မြမန်းဂီရိ (ယိုးဒယား)
(ဂ) မင်္ဂလာဆယ့်နှစ်ပါး (ကာလပေါ်)

**"ဂီတာ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
(ဂ) ပုံပမာ (ကြိုး)
(ဃ) မြူဝန်းလို့ခို (ပတ်ပျိုး)
(င) မန္တလာဘုံ (ဘွဲ့)
(စ) ပပငယ်ဝင်းဝင်း (ပတ်ပျိုး)
(ဆ) ဆယ်ဆယ်ရောင် (ဒိန်းသံ)
(ဇ) ကြံကြံဖန်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ခ) နွေဦးတေးသံ (ကာလပေါ်)
(ဂ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(ဃ) ဖူးပွေ့လက်တင် (ဘောလယ်)
(င) ခန်းတွင်းရိပ်သာ (ကြိုး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မြမန်းဂီရိ (ယိုးဒယား)
(ခ) ဂုဏ်မြင့်သူ ကာလပေါ်(ပြည်လှဖေ)
(ဂ) လာချေပြီ (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
(ခ) စံပယ် (ကာလပေါ်)
(ဂ) စံရာတောင်ကျွန်း (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဝေဘာဂီရိ (ကြိုး)
(ခ) လူမနော (ပတ်ပျိုး)
(ဂ) ချစ်နှင်းမှုံမှုံ (ကာလပေါ်)

**"ဒုံမင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မြန်ချာမြေကို (ပတ်ပျိုး)
(ခ) မာရဝိဇယ (ဘွဲ့)
(ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ဃ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)
(င) မန်းတောင်လက်ယာ (ယိုးဒယား)
(စ) ဖန်ထွေလာ (မွန်)
(ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဇ) မြူဝန်းလို့ခို (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
(ခ) နံ့သာနီတောင် (ပတ်ပျိုး)
(ဂ) ကောင်းခြင်းမင်္ဂလာ (ကာလပေါ်)
(ဃ) ဇမ္ဗူတောင်ညာ (ပတ်ပျိုး)
(င) သည်ဆောင်းဟေမန် (ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) နှလုံးသားကိုအလှဆင်မယ် (ကာလပေါ်)
(ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ဂ) တောဟေဝန်လယ် (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းဆန်းသဥ္စာကြာညောင် (ယိုးဒယား)
(ခ) ရွှေမင်းဂံ (ကာလပေါ်)
(ဂ) ဝေဇယန်နှင့်နှုန်းပြား (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဇေယျာမြို့ (ကြိုး)
(ခ) မဟာဇနက (ကာလပေါ်)
(ဂ) မြိုင်ဟေမာ (ယိုးဒယား)

**"ဆိုင်းတစ်ဦးချင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) နှင်းယွန်းဂိမှာန် (မွန်)
(ခ) သာရကာကျေး (ပတ်ပျိုး)
(ဂ) ရွှေနန်းအောင်ချာ (ကြိုး)
(ဃ) ထောင်ရောင်နေကသာ (သီချင်းခံ)
(င) ရွှေညီလာ (လေးထွေသံကတ်)
(စ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဆ) ဒီပါအေးမြ (ပတ်ပျိုး)
(ဇ) ဘုန်းမျှားမျှားမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မော်တင်လယ် (ပတ်ပျိုး)
(ခ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
(ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ဃ) ဟေမဝန်ချာ (ဘွဲ့)
(င) သပြေပင်ဝန်း (ကြိုး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆွတ်ဖြန်းငယ်လေ (ကြိုး)
(ခ) မြန်မြေနယ်ဇမ္ဗူဘောင် (မြင်းခင်း)
(ဂ) ဝေဇယန္တာ (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(ခ) ရဂုံဟေမန် (ပတ်ပျိုး)
(ဂ) မင်းလမ်းစပ်ကာ (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ရွှေဘုန်းရွှေဘုန်း (ကြိုး)
(ခ) ဘုံဆောင်မြင့် (ကြိုး)
(ဂ) မြမန်းဂီရိ (ယိုးဒယား)

## လှိုင်းဘွဲ့မြို့နယ်ရဲတပ်ဖွဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**လှိုင်းဘွဲ့ စက်တင်ဘာ ၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီတွင် ကျိုက်မုရောစေတီတော်၌ ဆောင်ရွက်သည်။



**စုပေါင်းသန့်ရှင်း**

အဆိုပါ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းက ဦးဆောင်ကာ မြို့နယ် ရဲတပ်ဖွဲ့ဝင်များက ကျိုက်မုရောစေတီ ရင်ပြင်တော်၌ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ပူဇော်နိုင်ရန်အတွက် အမှိုက်သရိုက်များ၊ ရေညှိများအား ရှင်းလင်းခြင်း၊ စေတီပရဝဏ် အတွင်းနှင့် လမ်းဘေးဝဲယာတို့တွင် အမှိုက်များ၊ မြက်ပင်၊ ချုံနွယ်ပင်များ၊ သစ်ကိုင်းများအား ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

## ကျေးရွာသစ်လုပ်ရှားမှုစီမံကိန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကွင်းဆင်းလေ့လာ

**ကျောက်တံခါး စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အောင်မြင်စိုက်ပျိုးရေးစခန်း နယ်မြေအတွင်းရှိ သရက်စိန်ကျေးရွာအား စွမ်းအားမြှင့်မီးဖိုဖြန့်ဖြူးခြင်းစီမံကိန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ရန် ရွေးချယ်ထားရာ စီမံကိန်းလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် ကျေးရွာတာဝန်ခံနှင့် ရွာသူရွာသားများသည် ယမန်နေ့က ဒိုက်ဦးမြို့နယ်အတွင်းရှိအိမ်ခြေလေးဆယ် ကျေးရွာနှင့် ကတုတ်မျိုးသန့်ခြံတို့အား သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။



အဆိုပါ ကျေးရွာသစ်လုပ်ငန်းစီမံကိန်းလုပ်ငန်းတွင် အဓိကလုပ်ငန်းကြီးသုံးရပ် ဖြစ်သည့် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်း၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းနှင့် ဝင်ငွေတိုးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဒိုက်ဦးမြို့နယ်အတွင်းရှိ အိမ်ခြေလေးဆယ်ကျေးရွာမှ တောင်သူဦးတင်ထွဋ်မြင့်၏ တိုင်းရင်းကြက်မွေးမြူရေးကြက်ခြံ၊ YSR စပါးမျိုးသန့်စိုက်ခင်းများသို့ တာဝန်ရှိသူများက သွားရောက်လေ့လာခဲ့ကြောင်း သိသည်။

မြို့နယ်(ပြန်/ဆက်)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ငါးဆယ့်ရှစ်နှစ်တည်ကာစေ့ နိုင်ငံတကာစာတတ်မြောက်ရေးနေ့

**စိန်ဌေးလှိုင် (ဟိုပုံးမြေ)**




"သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခါ၊ အက္ခရာစွဲသုံး ဤရှစ်လုံးကို၊ သီကုံးပန်းသွင်နေ့တိုင်းဆင်လော့" လို့ ဆိုကာ ရှင်မဟာရဋ္ဌသာရက ကေပိုဒ်ရတုနဲ့ ရေးသားခဲ့ပါတယ်။ စာရှစ်လုံးမှာ ပါဠိစကားတို့ရဲ့ အစ စာလုံးတွေဖြစ်ကြပြီး သုဏေယျ၊ စိန္တေယျ၊ ပုစ္ဆေယျ၊ ဘာသေယျ၊ ဝိစာရေယျ၊ လိခေယျ၊ သိက္ခေယျနဲ့ ခါရေယျတို့ ဖြစ်ကြပါတယ်။ မြန်မာမှု အဓိပ္ပာယ်မှာ "ကြားနာရာ၏၊ ကြံစည်ရာ၏၊ မေးမြန်းရာ၏၊ ပြောဆိုဆွေးနွေးရာ၏၊ စူးစမ်းဆင်ခြင်ရာ၏၊ ရေးမှတ်ရာ၏၊ လေ့ကျင့်ရာ၏။ နှုတ်တက်ဆောင်ရာ၏" တို့ ဖြစ်ကြပါတယ်။ ဆရာတော်က စာသင်သားတပည့်တို့ စာသင်ရာမှာ လိုက်နာရမယ့်အချက်တွေကို ညွှန်ပြထားတာဖြစ်ပါတယ်။ ဒီရတုမှာ စာတတ်မြောက်မှုဆိုတာက ဘယ်လောက်အထိ အရေးပါတယ်ဆိုတာကို ဖော်ပြနေပါတယ်။ စာတတ်မြောက်မှုဆိုသည်မှာ ဖတ်ရှုတာနဲ့ အရေးအသားစွမ်းရည်ကို ခေါ်ဆိုပါတယ်။ ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးမှာ ကိုယ်ပိုင်စာရှိကြပါတယ်။ စာဆိုတာက စကားရဲ့ သင်္ကေတဖြစ်တဲ့ အက္ခရာတွေကို စုပေါင်းပြီး စနစ်တကျ စီစဉ်ရေးသားထားတဲ့ အမှတ်အသားကို ခေါ်ဆိုပါတယ်။ ပေရွက်၊ ကျောက်စာ၊ ရွှံ့ပြား၊ ကြေးပြားနဲ့ စက္ကူတို့မှာ ရေးခြစ်တာ၊ ပုံဆွဲတာ၊ ရေးထွင်းတာ၊ အစက်အပြောက်အကြောင်းချတာ စတဲ့ လုပ်ဆောင်မှုကနေ ယနေ့ စာအရေးအသား ကွန်ပျူတာစာလုံးအထိ ပေါ်ပေါက်လာပါတယ်။ မျက်မမြင်တို့ လက်ဖျားနဲ့စမ်းပြီးဖတ်ရတဲ့ အမှတ်ဖုလေးကိုလည်း စာလို့ ခေါ်ဆိုနိုင်ပါတယ်။

**စာမတတ်လျှင် အကန်းနှင့်တူသည်**

"စာမတတ်လျှင် အကန်းနှင့်တူသည်" ဆိုတဲ့ စကားဟာမှန်လှပါတယ်။ စာမတတ်ရင် ဘဝမှာ ကြုံလာရမယ့် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိတော့ပါ။ ဗဟုသုတနည်းပါးကာ အသိအလိမ္မာလျော့နည်းလာပါမယ်။ ပေါင်းသင်းဆက်ဆံရေးမှာ အဆင်မပြေဖြစ်ပြီး တခြားသူရဲ့ ခေါင်းပုံဖြတ်တာကို ခံရတတ်ပါတယ်။ လူမှုရေးဝင်ဆံ့ရာမှာ ခက်ခဲလာပါမယ်။ ဆင်းရဲမိုက်မဲရမှုရဲ့ အခြေခံအချက်ကို ဆန်းစစ်ကြည့်မယ်ဆိုရင် ပညာရေးနိမ့်ပါးတာ၊ အခြေအနေမှန်ကိုမသိတာ၊ စဉ်းစားဉာဏ်နိမ့်ပါးတာ စတဲ့အချက်တွေကို တွေ့ရှိရပါတယ်။ ဒါ့အပြင် စာမတတ်သူမှာ သူများတကာရဲ့ လိမ်ညာပြောဆိုတာကို ယုံလွယ်ပြီး ဆွဲဆောင်ရာနောက်ကို လိုက်ပါတတ်ပါတယ်။ ရှေ့နောက်အမြော်အမြင်လည်း နည်းကြပါတယ်။

အသိအလိမ္မာရှိဖို့နဲ့ လူအချင်းချင်း အဆင်ပြေပြေ ပေါင်းသင်းဆက်ဆံနိုင်ဖို့ လူတိုင်းစာတတ်ရပါမယ်။ စာပေဖတ်တာဟာ အာရုံစူးစိုက်မှုကို မြင့်မားစေတာကြောင့် ကိုယ့်အလုပ်ကို အောင်မြင်စေပါတယ်။ "စာအုပ်စာပေလူ့မိတ်ဆွေ" ဆိုတဲ့စကားအတိုင်း စာကောင်းပေမွန်ကို ဖတ်မယ်ဆိုရင် အသိအမြင် ကြွယ်ဝလာပါမယ်။ စကားကြွယ်တာ၊ မှတ်ဉာဏ်ကောင်းတာ၊ သတိကောင်းတာနဲ့ စိတ်ဖိစီးမှုလျော့ကျစေတာ စတဲ့အကျိုးတွေ ရရှိပါမယ်။ အသက်အရွယ်ကြီးရင့်လာတဲ့အခါ သင်ယူနိုင်စွမ်း၊ မှတ်မိနိုင်စွမ်းနဲ့ ဆုံးဖြတ်နိုင်စွမ်းတို့ ကျဆင်းလာတတ်ကာ စာဖတ်မယ်ဆိုရင် ဒီစွမ်းရည်တွေကို ထိန်းထားနိုင်ကြောင်း သိပ္ပံပညာဆန်းစစ်ချက်အရ သိရှိရပါတယ်။ ဒါကြောင့် လူသားတိုင်းမှာ သက်ဆိုင်ရာဘာသာအလိုက်၊ လူမျိုးအလိုက်၊ နိုင်ငံအလိုက် စာကို ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်၊ ဖတ်တတ်ဖို့ လိုအပ်ပါတယ်။ တစ်နည်းပြောရရင် စာတတ်ရပါမယ်။

နိုင်ငံတစ်ခုမှာ စာတတ်သူများပြားလာမယ်ဆိုရင် ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်ပါတယ်။ နိုင်ငံသားတိုင်း စာတတ်မြောက်ဖို့ အရေးကြီးလှပါတယ်။ ကမ္ဘာစစ်ကြီးနှစ်ကြိမ်ဖြစ်ပွားခဲ့တာ၊ ကိုလိုနီလက်အောက် ကျရောက်ခဲ့တာနဲ့ ဆင်းရဲနွမ်းပါးတာတို့ကြောင့် နိုင်ငံအသီးသီးမှာ စာမတတ်သူတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် စာတတ်မြောက်ရေး လုပ်ငန်းကို သက်ဆိုင်ရာနိုင်ငံတွေအလိုက် ဆောင်ရွက်ကြပါတယ်။ အီရန်နိုင်ငံ တီဟီရန်မြို့မှာ ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက် (A World Literacy Congress) ကို ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့ကနေ ၁၉ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ နိုင်ငံပေါင်း ၈၉ နိုင်ငံက ပညာရေးဝန်ကြီးတွေ၊ ကိုယ်စားလှယ်တော်တွေ၊ စီးပွားရေးပညာရှင်တွေ၊ လူမှုရေးပညာရှင်တွေနဲ့ ပါရဂူတွေ စုံစုံညီညီ တက်ရောက်ခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်မှာ ကျင်းပတဲ့ ယူနက်စကိုအထွေထွေညီလာခံကြီးကနေ ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် စတင်ကျင်းပခဲ့တဲ့ စက်တင်ဘာလ ၈ ရက်နေ့ကို "နိုင်ငံတကာစာတတ်မြောက်ရေးနေ့" ရယ်လို့ ဆုံးဖြတ်သတ်မှတ်ပေးခဲ့ပါတယ်။

မိမိနိုင်ငံအလိုက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ကျင်းပဖို့နဲ့ ပညာရေးလုပ်ငန်းကို ကြိုးပမ်းလုပ်ဆောင်ကြဖို့ ယူနက်စကိုအဖွဲ့ချုပ်က မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံတွေကို နှိုးဆော်တိုက်တွန်းနေပါတယ်။ ယခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်မှာ "အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကိုမြှင့်တင်ကြပါစို့။" (Promoting multilingual education'; Literacy for mutual understanding and peace) ဖြစ်ပါတယ်။ ကမ္ဘာကြီးငြိမ်းချမ်းဖို့ရာ လူသားတွေဟာ နားလည်မှုအပြန်အလှန်ရှိရပါမယ်။ စာတတ်သူများလာမယ်ဆိုရင် ငြိမ်းချမ်းမှုကို ပိုမိုရရှိနိုင်ပါတယ်။ စာတတ်ဖို့ဆိုရာမှာလည်း ဘာသာစကားစုံ တတ်ကျွမ်းမှုဟာ အဓိကကျပြီး ကောင်းကျိုးကိုခံစားရကာ ဆင်ခြင်တုံတရား ရရှိစေပါတယ်။

**၂၄ နှစ်တာကာလမှာ မြို့နယ် ၂၉၇ မြို့နယ်မှာ လုပ်အားပေး လေးသိန်းကျော်**

မြန်မာနိုင်ငံဟာ အင်္ဂလိပ်လက်အောက်ကျရောက်စဉ်က စာတတ်မြောက်မှုနှုန်း ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ယူနက်စကိုအဖွဲ့ရဲ့ ကူညီမှုနဲ့ စာတတ်မြောက်ရေးလုပ်ငန်းတွေကို တက်တက်ကြွကြွ လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်မှာ "လူထုပညာသင်ကြားရေးကောင်စီ အက်ဥပဒေ (၁၉၄၈ ခုနှစ်)" (Mass Education Council ACT,1948) ကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၄၈ ခုနှစ်ကနေ ၁၉၅၈ ခုနှစ်အထိ သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ အသက် ၁၆ နှစ်နဲ့အထက် စာမတတ်သူတွေကို အခြေခံစာတတ်မြောက်စေဖို့ အရေး၊ အဖတ်၊ အတွက်ဆိုတဲ့ "အ သုံးလုံး"ကျေ စာသင်ပေးမှုလုပ်ငန်းကို ၁၉၆၄ ခုနှစ်ကနေ ၁၉၆၈ ခုနှစ်အထိ စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၆၉ ခုနှစ်မှာ "အ" သုံးလုံးကျေ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းနဲ့ မလှိုင်မြို့နယ်တို့မှာ လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ တက္ကသိုလ်ကောလိပ်က ဆရာ ဆရာမနဲ့ ကျောင်းသား ကျောင်းသူတွေ၊ အစိုးရကျောင်းမှ ဆရာ ဆရာမတွေက ပါဝင်လုပ်အားပေးကြပါတယ်။ ၁၉၇၁ ခုနှစ်မှာ မိတ္ထီလာကို တစ်ခရိုင်လုံး စာတတ်မြောက်တဲ့ခရိုင်အဖြစ် ကြေညာနိုင်ခဲ့ပါတယ်။ ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှာ ကျရောက်တဲ့ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို မလှိုင်မြို့မှာ ပထမဦးဆုံး ကျင်းပနိုင်ခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ ၂၄ နှစ်တာကာလမှာ မြို့နယ် ၂၉၇ မြို့နယ်မှာ လုပ်အားပေးပေါင်း ၄၉၀၃၉၈ ဦး (လေးသိန်းကျော်)တို့နဲ့ သင်ကြားခဲ့ပါတယ်။ လူဦးရေ ၂၄၁၀၉၇၉ (နှစ်သန်းကျော်) ကို စာတတ်မြောက်အောင် သင်ကြားပေးခဲ့လို့ မြန်မာ့ဂုဏ်ကို ဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ယူနက်စကိုအဖွဲ့က မြန်မာနိုင်ငံကို ၁၉၇၁ ခုနှစ်မှာ "မိုဟာမက်ရီဇာပါလာဗီဆု"နဲ့ ၁၉၈၃ ခုနှစ်မှာ "နိုမာ"ဆုတို့ ချီးမြှင့်ခဲ့ပါတယ်။ အီရန်နဲ့ ဂျပန်နိုင်ငံတို့က ဆုတန်ဖိုး လှူဒါန်းကြပါတယ်။ ဆက်လက်ပြီး စာတတ်မြောက်ရေးလုပ်ငန်းကို ၂၀၁၃ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ လုပ်ဆောင်ရာမှာ နှစ်စဉ်နှစ်တိုင်း မြို့နယ် ၃၀ ရွေးချယ်ပါတယ်။ တစ်မြို့နယ်ကို စာသင်ဝိုင်း ၂၀၀ နှုန်းနဲ့ ဧပြီလ ၁ ရက်နေ့ကနေ မေလ ၁၅ ရက်နေ့အထိ သင်ကြားခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန(MLRC)ကို ၂၀၀၀ ပြည့်နှစ် မတ်လမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ရောက်တိုင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပခဲ့ပါတယ်။ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က ပေးပို့တဲ့သဝဏ်လွှာကို ဖတ်ကြားပြီး အထိမ်းအမှတ် စာပေပြိုင်ပွဲနဲ့ ဟောပြောပွဲတွေကိုပြုလုပ်ပါတယ်။ လှုပ်ရှားမှုဆိုင်ရာဓာတ်ပုံပြပွဲနဲ့ ပြခန်းတို့ကိုလည်း ခင်းကျင်းပြသပါတယ်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံမှာ အသက် ၁၅ နှစ်နဲ့အထက် စာမတတ်သူဦးရေ ၃ ဒသမ ၅ သန်းရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာဆုံးခန်းတိုင်အောင် မသင်ကြားနိုင်တဲ့ ကလေးသူငယ် ၂ ဒသမ ၇ သန်း ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) အတိုင်း ကျောင်းပြင်ပ ပညာရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်နေပါတယ်။ အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဆေးပညာဦးစီးဌာနနဲ့ စက်မှုသက်မွေးပညာဦးစီးဌာနတို့က တာဝန်ယူဆောင်ရွက်နေပါတယ်။ သင်ကြားပြီးတဲ့အခါ လုပ်ငန်းခွင်ချိတ်ဆက်ပေးတာ၊ အခြေခံပညာရေးအတန်း ကူးပြောင်းတက်ရောက်စေတာတို့ ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ KG+9 ဖြစ်တဲ့ အခြေခံပညာအလယ်တန်းအဆင့်ပညာ ပြီးမြောက်ရေးလုပ်ငန်းနဲ့ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတို့ကို နှစ်စဉ် ဆောင်ရွက်နေပါတယ်။ ၂၀၂၄ ခုနှစ် ဧပြီလမှ မေလအတွင်း စာသင်ဝိုင်း ၄၈၆၄ ဝိုင်းမှာ ကြီးကြပ်သူနည်းပြဦးရေ ၆၂၆၈ ဦးနဲ့ သင်ယူသူဦးရေ ၆၉၆၅၇ ဦးတို့ကို စာတတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့ပါတယ်။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရဲ့ နည်းပညာပံ့ပိုးမှုအရ စာသင်သားနဲ့ နည်းပြတွေရဲ့ လက်ကိုင်ဖုန်းတွေမှာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ကြားမှုဆိုင်ရာ Mobile Application တီထွင်နိုင်ခြင်းဟာ မြန်မာနိုင်ငံ စာတတ်မြောက်ရေးဆောင်ရွက်မှုလုပ်ငန်းမှာ ဂုဏ်ယူစရာကောင်းလှပါတယ်။

အချုပ်အားဖြင့်ဆိုရရင် စာတတ်မြောက်မှုဟာ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို ဝေဖန်ဆန်းစစ်နိုင်တဲ့ အသိဉာဏ်ပဲ ဖြစ်ပါတယ်။ စာကောင်းစွာတတ်မြောက်တဲ့ လူ့အဖွဲ့အစည်းနဲ့ စာဖတ်တဲ့ လူ့အဖွဲ့အစည်းတို့မှာ တိုးတက်ယဉ်ကျေးကြပါတယ်။ စာတတ်မြောက်မယ်ဆိုပါက မိမိကောင်းကျိုးမှတစ်ဆင့် အများကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုး၊ လောကကောင်းကျိုးအထိ ဆောင်ရွက်နိုင်မှာဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းကြီးကလည်း ဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်အမှန်ပင်ဖြစ်ပါကြောင်း ၂၀၂၄ ခုနှစ် (၅၈)ကြိမ်မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ရေးသားလိုက်ရပါတယ်။ ။

**ကိုးကား- ပြန်ကြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှ။**

**မြန်မာနိုင်ငံဟာ အင်္ဂလိပ်လက်အောက်ကျရောက်စဉ်က စာတတ်မြောက်မှုနှုန်း ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ယူနက်စကိုအဖွဲ့ရဲ့ ကူညီမှုနဲ့ စာတတ်မြောက်ရေးလုပ်ငန်းတွေကို တက်တက်ကြွကြွ လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်မှာ "လူထုပညာသင်ကြားရေးကောင်စီ အက်ဥပဒေ (၁၉၄၈ ခုနှစ်)" (Mass Education Council ACT,1948) ကို ပြဋ္ဌာန်းခဲ့ပြီး ၁၈၄၈ ခုနှစ်ကနေ ၁၉၅၈ ခုနှစ်အထိ သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ အသက် ၁၆ နှစ်နဲ့အထက် စာမတတ်သူတွေကို အခြေခံစာတတ်မြောက်စေဖို့ အရေး၊ အဖတ်၊ အတွက်ဆိုတဲ့ "အ သုံးလုံး"ကျေ စာသင်ပေးမှု လုပ်ငန်းကို ၁၉၆၄ ခုနှစ်ကနေ ၁၉၆၈ ခုနှစ်အထိ စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့**

ဝတ္ထုတို

## ဆောင်းမာန်ဝင့်အောင် (တောင်ကြီး)




=====================

(၁)

"ရှီး ဖြောင်း ဖြောင်း"

"ဟေး မျိုးနိုင်ကွ"

"ကြိုးစားထား မျိုးနိုင်ကွ"

"ရတော့မယ်ကွ"

အားပေးလက်ခုပ်သံတွေက ကစားကွင်းတစ်ခုလုံး လွှမ်းခြုံနေတော့သည်။ အားပေးကြသည့် ကျောင်းသူ ကျောင်းသားတွေအကြည့်က ဝါးတိုင်ထိပ်က အလံတိုင်ကိုရယူဖို့ ကြိုးစားနေသည့် မျိုးနိုင်ဆီမှာသာ အာရုံစိုက်နေကြတော့သည်။ ပထမဆုကြီးကိုယူမည့် အာဂသူရဲကောင်း၏ နာမည်ကိုသာ တကြော်ကြော်အော်ကြရင်း ဝမ်းသာအားရလက်ခုပ်တီး အားပေးနေကြတော့သည်။ ဆရာ ဆရာမ ကျောင်းသူ ကျောင်းသားတို့၏အာရုံက တစ်ခုတည်းသောနေရာဆီကိုသာ အာရုံစိုက်နေကြသည်။

ဒီနေ့က စစ်နိုင်တို့ကျောင်း၏ ဒီဇင်ဘာလ အားကစားပြိုင်ပွဲကျင်းပနေခြင်းဖြစ်သည်။ မနက်ဖြန် ဆုပေးပွဲဖြစ်သည်။ မနှစ်က ကိုးတန်းအတန်းတင်စာမေးပွဲကြီးမှာ စစ်နိုင်က တစ်ကျောင်းလုံးမှာ ပထမဆု ရရှိခဲ့သည်။ ဒီနှစ်ဆယ်တန်းမှာလည်း စာတော်သူ သူ့ကို ကျောင်းအုပ်ကြီးသာမက ဆရာ ဆရာမ အားလုံးက ချစ်ကြသည်။ ကျောင်း၏ဂုဏ်ကို ဆောင်နိုင်မည့် ကျောင်းသားလေးအဖြစ် အသိအမှတ်ပြုအားကိုးကြသည်။

"ဒီနှစ် ငါတို့ကျောင်းက မောင်စစ်နိုင်က ဂုဏ်ဆောင်မှာ။ အနည်းဆုံး သုံးဘာသာပဲ"

"ဟုတ်ပါ့တော်ကောင်လေးတော်လိုက်တာနော်"

"ငယ်ငယ်ကတည်းက နှစ်တိုင်းဆုယူတာလေ"

ဆရာ ဆရာမ ကျောင်းသူ ကျောင်းသားတို့၏ပါးစပ်ဖျားမှာ စစ်နိုင်၏ ဂုဏ်သတင်းက မွှေးပျံ့လျက်ရှိသည်။ စစ်နိုင်ကိုယ်တိုင်လည်း ရည်မှန်းချက်ဖြင့် ကြိုးစားသူမို့ ယခုလိုချီးကျူးခံရတာကို ဂုဏ်ယူနေမိသည်။ အခုလည်း ကျောင်းအုပ်ဆရာကြီးနှင့်အတူ နှစ်ယောက်တစ်တွဲ ချောတိုင်တက်ပွဲကို ကိုယ်တိုင်လက်ခုပ် လက်ဝါးတီးကာ အားပေးနေမိသည်။ ကိုးတန်းကျောင်းသားတွေယှဉ်ပြိုင်ရတာဖြစ်ပြီး သူတို့ ဆယ်တန်းကျောင်းသားတွေက မနက်ဖြန်ဆုပေးပွဲအတွက် ဆရာကြီးညွှန်ကြားချက်အတိုင်း လုပ်ပေးနေရသည်။ တစ်နေကုန်လုံး အခုညနေစောင်းမှ ပြီးသည်။ ဆရာကြီးက သူတို့ကျောင်းသားကြီးတွေကို ဖျော်ရည်နှင့်မုန့်ဝယ်ကျွေးပြီး တပည့်တွေနှင့်အတူတူ ချောတိုင်တက်ပွဲကို အားပေးနေခြင်းဖြစ်သည်။

(၂)

"မောင်စစ်နိုင်"

"ဗျာ ဆရာကြီး"

ချောတိုင်တက်ပွဲကို အာရုံရောက်နေရာမှ ဆရာကြီးအသံကြောင့် အကြည့်ကိုလွှဲကာ စစ်နိုင် ဆရာကြီးကို ပြန်ထူးလိုက်သည်။

"ဒီ ပြိုင်ပွဲကို ကြည့်ပြီး ဘာကိုတွေ့လဲ ငါ့တပည့်"

"ပျော်စရာကောင်းတယ်ဆရာကြီး။ အားပေးနေကြတာ။ ပထမဆုအလံကိုယူမယ့်သူကို အားလုံးက ဝိုင်းအားပေးနေကြတာလေ။ သူ့အတွက် ဂုဏ်ယူတယ် ဆရာကြီး"

"ဪ အင်းပေါ့ ငါ့တပည့်ပြောတာ မမှားပါဘူးလေ။ ဟုတ်တယ်နော် အပေါ်က ကောင်လေးက တော်တော်ကြိုးစားရတာနော်"

"ဟုတ် ဆရာကြီး"

"ငါ့တပည့် အပေါ်က ကျောင်းသားကို ထမ်းပိုးနေတဲ့ သူကိုကြည့်လိုက်စမ်း။ မင်းမြင်လားဟင်"

"ဟင်"

ဆရာကြီးစကားကို အံ့သြသွားပြီး သူအောက်က ထမ်းပိုးထားသည့် ကျောင်းသားကို ကြည့်မိသွားသည်။ အပေါ်က ကျောင်းသား၏ အလေးချိန်ကို အံတင်းပြီး ထမ်းပိုးထားသည်။ ဝါးတိုင်ကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ပြီး ခါးကို မတ်နိုင်အောင် မနည်းကြိုးစားနေရသည်။ တစ်ကိုယ်လုံးချွေးတွေရွှဲနစ်ကာ အသက်တောင် ရှူဖို့မေ့နေသည့်ပုံပင်။ အပေါ်က သူ ယိမ်းထိုးလိုက်တိုင်း သူ့အတွက် မစားသာပေ။ ပခုံးတွေနာကျင်လွန်းလို့ ထင်သည်။ မျက်ရည်တွေတောင် ဝဲလို့နေတော့သည်။

"တွေ့ပြီ ဆရာကြီး၊ သူကပိုပြီးပင်ပန်းတယ်နော်"

"ဟုတ်တာပေါ့။ အခု အားပေးသမားတွေ သူ့ကို ကြည့်ကြလားဟင်"

"ဟင့်အင်း ဆရာကြီး၊ ကျွန်တော်တောင်ဆရာကြီးပြောမှသတိထားမိတာ"

"ဟုတ်ပြီ ငါ့တပည့် ပွဲပြီးအောင်ကြည့်ပါဦး"

"ဟုတ်ဆရာကြီး"

မျိုးနိုင်ဆိုသည့် ကျောင်းသားလေးက ပထမဆုကြီးယူလိုက်တော့ အားလုံးက ဝမ်းသာအားရလက်ခုပ်တီးကာ ပွဲ့ဖက်ဂုဏ်ပြုကြသည်။ အားပေးကြသည်။ ချီးကျူးစကားတွေက ဆူညံသွားတော့သည်။

မျိုးနိုင်ကိုထမ်းတင်သည့် ကျောင်းသားလေးကတော့ မောပန်းလွန်းလို့ထင်သည်။ သူတို့ဘေးက မြင်ခင်းပေါ်မှာ ပက်လက်လှန်ရင်း အမောဖြေနေတော့သည်။ သူ့ကို ဘယ်သူမျှ ဂရုမပြုမိကြ။ ချီးကျူးရမှန်းမသိ မေ့နေကြသည်။ အမောဖြေလို့ပြီးမှ ငုတ်တုတ်လေးထိုင်ကာ ပထမဆုအလံကို ကိုင်၍ ဂုဏ်ယူပြုံးပျော်နေသော သူငယ်ချင်းဖြစ်သူကို အပြုံးလေးနှင့် ကြည့်နေတော့သည်။ ဒါပေမဲ့ သူ့မျက်ဝန်းမှာတော့ မျက်ရည်လေးတွေ ဝေ့နေတာတွေ့ရသည်။

(၃)

အစအဆုံးမြင်နေရသည့် စစ်နိုင်တစ်ယောက် တော်တော်စိတ်မကောင်းဖြစ်သွားမိသည်။ ဒီပြိုင်ပွဲမှာ သူက အဖြည့်ခံသက်သက်ဖြစ်သွားလေပြီ။ သူသာမပါလျှင် ခဏနေကကျောင်းသား သည်လိုအောင်မြင်မှုမျိုး ရမည်မဟုတ်ပေ။

"ဘယ်လိုလဲ စစ်နိုင်"

"ဟုတ် ကျွန်တော် သူ့အတွက် စိတ်မကောင်းဖြစ်မိတယ် ဆရာကြီး။ တကယ်ဆို သူလည်း အားပေးခံထိုက်သူပဲလေ။ သူ့ကို ဘာလို့မေ့နေကြတာလဲ"

"မမြင်တာပေါ့ကွာ။ မြင်အောင် မကြည့်တတ်လို့ပေါ့ ငါ့တပည့်ရ။ လူတစ်ယောက် ဘယ်လောက်အောင်မြင်ပါစေ။ သူ့မှာ ပံ့ပိုးကူညီပေးမယ့်သူရှိမှ ရပ်တည်နိုင်တာလေ။ တစ်ယောက်တည်းရပ်တည် ကြိုးစားဖို့ကတော့ ခဲယဉ်းပါတယ်လေ"

"ဟုတ် ဆရာကြီး"

"အခု သားဆိုလည်း ဘယ်သူ့ကြောင့် ကျောင်းကို အေးအေးဆေးဆေးတက်နိုင်တာလဲ၊ ငါ့တပည့်က စာတော်သူ၊ လိမ္မာရေးခြားရှိသူ၊ အကျိုးအကြောင်း အဆိုးအကောင်းကို နားလည်နိုင်သူလို့ ဆရာကြီး ထင်ထားတာ။ အဓိက၊ သာမညကို မခွဲခြားတတ်ရင် စာတော်တယ်၊ စာတတ်တယ်လို့ မသတ်မှတ်ဘူး ငါတပည့်ရေ"

"ဟုတ် ဆရာကြီး"

ဆရာကြီးကို မကြည့်ဘဲ သူပြန်ဖြေလိုက်သည်။

"မင်းအစ်ကိုကြီးကို မနက်က တွေ့လိုက်တယ်။ ဈေးထဲမှာ ပန်းတွေရောင်းရင်း မင်းအကြောင်းများ ကြွားနေတာ ဆရာကြီး မျက်ရည်တောင်ကျတယ်။ သူ့ခမျာ ခြေတစ်ဖက် မသန်ရတဲ့ကြားထဲ မိဘမဲ့ခဲ့တဲ့ သူ့ညီလေးကို အခက်အခဲတွေကြားထဲက ဒီအရွယ်အထိ ကျောင်းထားပေးတာ၊ ဆရာကြီးတော့ ချီးကျူးလိုက်တာကွာ။ ဈေးသည်တွေကလည်း မင်းကိုပဲ ချီးကျူးကြတာ။ တော်လိုက်တာပေါ့ကွာ"

ဆရာကြီးပြောနေရင်း စကားသံလေး တိမ်ဝင်သွားသည်။ သက်ပြင်းချရင်း ဆက်ပြောတော့သည်။

"မင်းအစ်ကိုကြီး ဒုက္ခိတကို တစ်ယောက်မှ မချီးကျူးပါဘူးကွာ။ ဆရာကြီးမယ် ပြောချင်လိုက်တာ။ ပါးစပ်ကို ယားလို့။ ဒါပေမဲ့ မင်းအစ်ကိုကြီး မျက်နှာကတော့ မင်းကိုချီးကျူးကြလို့ ပြုံးပျော်နေတာဟေ့။ ငါတော့ တွေးမိတယ်ကွာ။ မင်းတို့ ညီအစ်ကိုအဖြစ်က အခု ကြည့်ရတဲ့ ချောတိုင်တက်ပွဲလိုပဲကွ"

ဆရာကြီး ပြောစကားတွေက စစ်နိုင်နားထဲ ဝင်တစ်ချက်၊ မဝင်တစ်ချက်ပင်။ ရှက်တာလား၊ ဝမ်းနည်းတာလား။ မဝေခွဲတတ်သည့်ခံစားချက်ကြီးက ဝင်နေတော့သည်။

"မင်းအစ်ကိုကြီးက ငါ့တပည့်အတွက် အနစ်နာခံပေးဆပ်သူမို့ ငါ့တပည့်ကြီး အထူးသိတတ်ပါစေကွာ"

"ဟုတ် ဆရာကြီး"

စစ်နိုင် ဘာကြောင့်ကျလာသည်မသိသော မျက်ရည်တွေကိုသုတ်ကာ ငြိမ်နေမိသည်။ ကျောင်းဆင်းခေါင်းလောင်းထိုးသွားပြီမို့ ကျောင်းသားအားလုံးလည်း လွယ်အိတ်ကိုယ်စီလွယ်လျက် ပြန်ကြပြီ။ စစ်နိုင်လည်း လွယ်အိတ်ကိုလွယ်လျက် လေးကန်သောခြေလှမ်းများဖြင့် ပြန်လာခဲ့တော့သည်။

(၄)

သူငယ်ချင်းတွေနှင့် လမ်းခွဲပြီးတော့ အိမ်မပြန်ချင်သေးဘဲ ပန်းခြံထဲဝင်ကာ တစ်ယောက်တည်း ထိုင်နေမိသည်။ ဆရာကြီးပြောသည့်စကားတွေ ပြန်ကြားယောင်ရင်း သူ့အကြောင်းကို ပြန်မြင်ယောင်ကာ အတိတ်ကပုံရိပ်တွေက ရုပ်ရှင်ပြကွက်တစ်ခုလို ပေါ်လာတော့သည်။

သူ ဒုတိယတန်းမှာ မိဘနှစ်ပါးစလုံး ကုန်ကူးသွားရင်း ကားမှောက်ဆုံးပါးသွားခဲ့သည်။ အစ်ကိုကြီးက အဲဒီတုန်းက ခြောက်တန်းကျောင်းသားပင်။ အရွယ်ငယ်သေးသည့်သူ့ကို ရင်ခွင်ထဲထားပြီး အဖေနှင့်အမေ အလောင်းရှေ့မှာ ဝမ်းနည်းစွာငိုကြွေးခဲ့တာ သူမှတ်မိသည်။ ခြောက်တန်းအရွယ်နှင့် ကျောင်းထွက်ကာ ရရာအလုပ်လုပ်ရင်း သူ့ကို ကျောင်းထားပေးခဲ့သည်။ အိမ်၏စားဝတ်နေရေးကိုလည်း ဖြေရှင်းပေးခဲ့သည်။ သူလေးတန်းအရွယ်မှာ အစ်ကိုကြီးကံဆိုးပြန်သည်။ ဈေးရောင်းနေရင်း ကားတိုက်ခံလိုက်ရ၍ အသက်မသေပေမယ့် ခြေတစ်ဖက်ဆုံးရှုံးခဲ့သည်။ ခြေတစ်ဖက်မရှိတော့ပေမယ့် အရှုံးမပေးဘဲ သူ့အတွက်ကြိုးစားရုန်းကန်ခဲ့သည်။ မနက်အစောထကာ စံပယ်ပန်း၊ ရွှေလာငွေလာပန်း၊ ဇွန်ပန်းရာသီပေါ်ပန်းလေးများ သီကုံးကာ ဈေးအတွင်းမှာလိုက်ရောင်းသည်။ ကားဂိတ်တွေကိုလည်း လိုက်ရောင်းရင်း ရုန်းကန်ခဲ့သည်။ သူ့ကို အေးဆေးစွာ ပညာသင်ကြားစေခဲ့သည်။

အပူပင်ကင်းစွာနေခဲ့ရ၍ အစ်ကိုကြီး ဘယ်လိုခက်ခဲသလဲ သူစိတ်မဝင်စားခဲ့ပေ။ အချိန်တန် ထမင်းစား၊ ကျောင်းသွား၊ စာကျက်၊ သူ့ရည်မှန်းချက်အတိုင်း ကြိုးစားနေသူမို့ မသိသလိုနေခဲ့သည်။ မနက်က သူ့အစ်ကိုကြီးကိုပြောခဲ့သည့် စကားအတွက်ကတော့ အခုနောင်တရမိသည်။

"ဆုပေးပွဲ ဘာလိုက်လုပ်မှာလဲဗျာ။ မလိုက်တော့ပါနဲ့။ နှစ်တိုင်းလည်း မလိုက်တာကို အခုမှဘာလာလုပ်ချင်တာလဲ"

"အေးပါကွာ ကိုကြီးက တစ်ခါလောက် လိုက်ချင်တာပါ။ ညီလေးဆုယူတာ ကြည့်ချင်လို့ပါ။ ညီလေး မလိုက်နဲ့ဆို မလိုက်တော့ပါဘူးကွာ"

စိတ်မကောင်းဖြစ်ပေမယ့် အစ်ကိုကြီးကိုမခေါ်ချင်ပေ။ စိတ်ထဲ ရှက်မိသည်။ မပြောင်မရောင်၊ ခြေတစ်ဖက်မသန်၊ ဈေးထဲ ပန်းရောင်းသူမို့ စိတ်ထဲ သိမ်ငယ်မှုတော့ရှိသည်။ သည်လိုဘဝမျိုး မနေချင်ပေ။ ဒါကြောင့် စာကိုဖိကြိုးစားနေမိသည်။ မှောင်လာပြီမို့ အိမ်ပြန်ဖို့ ထလိုက်တော့သည်။

(၅)

"ဟဲ့ ဝင်းနိုင် နင်က ဘယ့်နှယ် ဟင်းတစ်ထုပ်တည်းလဲ။ နင့်ညီတစ်ယောက် စာပဲကော"

"ဪ ဝယ်နေကျကို ပြောနေသေးတယ်။ ကျုပ်က ဘာနဲ့စားစားကိစ္စမရှိဘူး။ ညီလေးကျန်တဲ့ ဟင်းအနှစ်နဲ့ လူးစားလို့ရတယ်။ ကျုပ်ညီက အရေးကြီးတာ"

သူ့ခြေလှမ်းတွေ ရပ်သွားရသည်။ အမှောင်ကျသည့်နေရာလေးကနေ သူရပ်ကြည့်နေမိသည်။

"အမယ်လေးဟယ် နင်လည်းစားရမှာပေါ့။ နင်အာဟာရဖြစ်မှ လုပ်နိုင်မှာလေ။ နင်မကျန်းမာရင် ဘယ်သူကြည့်မှာလဲ"

"အိုဗျာ ကျုပ်က ကျန်းမာပါတယ်ဗျ။ ခြေတစ်ဖက်မသန်တော့လို့ မာန်လျှော့ထားတာ။ မဟုတ်ရင် ဒီထက်လုပ်နိုင်တယ်"

"အေးပါဟယ် အေးပါ"

ညကိုးနာရီမှ ပြန်ရောက်သည့်သူ့အစ်ကိုကြီး ဘာနဲ့စားတယ်ဆိုတာ သူမသိပေ။ အခုတော့ ဖြစ်သလိုစားပြီး သူ့အတွက် အနစ်နာခံခဲ့တာမဟုတ်ပါလား။

"နှစ်ယောက်စာဆို ပိုကုန်တယ်ဗျ။ ကျုပ်ကလျှော့စားမှ ကျူရှင်ဖိုး၊ ညီလေးကျောင်းမုန့်ဖိုး၊ တခြားကိစ္စတွေအတွက် သုံးရမယ်လေဗျာ။ ကျုပ်အတွက်ကတော့ ဘာမှမလိုပါဘူး"

"အေးပါဟယ် အေးပါ၊ နင်လုပ်ပေးနေတာတွေ နင့်ညီသိပါစေဟယ်"

"မလိုပါဘူးဗျာ။ ကျုပ်ညီလေး ပညာတတ်ကြီးဖြစ်လို့ ကြီးပွားသွားရင် ကျုပ်ပီတိဖြစ်ပြီး ကျေနပ်နေမှာဗျ။ ညီလေးဆီက ကျွန်တော် ဘာမှမမျှော်လင့်ဘူးဗျို့"

သူ ဆက်ပြီး နားမထောင်နိုင်တော့ပေ။ တခြားလမ်းကနေ အိမ်သို့ အမြန်ပြေးလာခဲ့သည်။ မျက်ရည်တွေက အတားအဆီးမဲ့စွာကျလာသည်။

"ငါက တော်တော်အသုံးမကျတာပဲ။ အစ်ကိုကြီးထမ်းတင်ပေးလို့ ဒီလိုအောင်မြင်မှုရတာကို တော်လှတယ်ထင်ပြီး ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူနေတာ။ အစ်ကိုကြီးမပါရင် ဒီလိုဖြစ်စရာအကြောင်းမရှိဘူးလေ။ အားလုံးက ငါ့ကိုပဲမြင်တာ။ ခုတော့ ကိုကြီးကိုပါ မြင်စေရမယ်"

အိမ်ထဲဝင်ပြီး မနက်ဖြန်ဆုပေးပွဲအတွက် သူ့အတွက်ကော။ အစ်ကိုကြီးအတွက်ပါ အဝတ်အစားရွေးနေမိသည်။ ရှိသည့်အထဲက ကောင်းသည့်အရာလေးတွေကိုရွေးကာ မီးပူတိုက်နေမိသည်။ အစ်ကိုကြီးကတော့ အိမ်ကိုလာနေပြီထင်သည်။

"စိတ်ချဆရာကြီး ကျွန်တော်က အောင်ပွဲရပေမယ့် ကိုယ့်ကိုမြှင့်တင်ပေးတဲ့ အစ်ကိုကြီးကို ဘေးထားဖို့ စိတ်ကူးခဲ့တယ်။ အခုတော့ မဟုတ်တော့ဘူး။ အစ်ကိုကြီးနဲ့အတူတူ ကျွန်တော့်ရဲ့ အောင်ပွဲကို အတူတူတက်မယ်ဗျာ။ ကျွန်တော့်ရဲ့ အတွေးတိမ်တဲ့ စိတ်ကူးတွေကို အလင်းပြခဲ့တဲ့ဆရာကြီးကို အထူးကျေးဇူးတင်ပါတယ် ဆရာကြီးရယ်"

သူ ကျလာသောမျက်ရည်တွေကို သုတ်ပစ်သည်။ အခုကျသည့်မျက်ရည်တွေက ကျေးဇူးရှင်အစ်ကိုကြီးနှင့်အတူတူ ဆုပေးပွဲတက်ရလို့၊ အောင်မြင်မှုကို အတူတူ ဂုဏ်ယူဝင့်ကြွားဖို့ သွားရမှာမို့ ကြည်နူးပြီးကျသည့် ပီတိမျက်ရည်ပင် ဖြစ်တော့သည်။ ။

## ပန်းတိုင်သို့

❖ လျှောက်ရမယ့်လမ်း
ကြမ်းတမ်းလည်း မမှုပါ။
လောကဓံ ဟူသရွေ့
ကြုံတွေ့ရမှာ။

❖ ကြံဆလို့ အဖြေရှာ
ယုံကြည်စွာ ခရီးဆက်။
စိတ်မယိုင် မာန်သွင်းလို့
ဖွဲတင်းချီတက်။

❖ အောင်မြင်ရာ ဘဝအတွက်
အပြီးမပျက် ခရီးနှင်။
အသိဉာဏ် တံခါးဖွင့်လို့
အဆင့်မြှင့်တင်။

❖ ဝီရိယနှင့် လုံ့လယှဉ်
ပျော်ရွှင်စွာ စိတ်ကိုထား။
အချိန်ကို အတိအကျ
သုံးကြစို့လား။

❖ ပန်းတိုင်ကို အရောက်သွား
လမ်းမှားတို့ ရှောင်ကြဉ်ဖယ်။
အသိပညာ ဖွေရှာစု
ပြုကျင့်ရမယ်။

❖ လူ့ဘဝ ခဏဝယ်
စဉ်းစားကွယ် နောင်အရေး။
အလုပ်ကို တန်ဖိုးထားလို့
ကြိုးစားစို့လေး။ ။

ခင်နွဲ့မူ(ပုလဲ)

## ဝန်းကျင်အလှ ထိန်းသိမ်းကြ

❖ တောတောင်စိမ့်စမ်း မြစ်ရေချို
ရေတံခွန်အလှပို။
အပူဒဏ်ကို ကာကွယ်ဖို့
သစ်ပင်စိုက်ကြစို့။

❖ ထိန်းသိမ်းကြလို့ ကြပ်မတ်ပါ
သစ်ခုတ်ခြင်းများစွာ။
တို့ကမ္ဘာမြေ ကျန်းမာရေး
ဝိုင်းဝန်းကာကွယ်ပေး။

❖ သဘာဝဘေး မကြုံအောင်
ဒီရေတောစွမ်းဆောင်။
တောတောင်ရေမြေ စိမ်းစိုမှ
ဥတုရာသီမျှ။

❖ ဂေဟာစနစ် ကြွယ်ဝလျှင်
ချမ်းမြေ့တို့ဝန်းကျင်။
ဟိုအရင်လို ကမ္ဘာဦး
ကျေးငှက်စုံလင် ပျော်ရွှင်မြူး
ဝန်းကျင်အလှထူး။ ။

ဈာန်လေး(ပညာရေး)

ဆောင်းပါး

# အပျော်မှအပျက်သို့ မရောက်ရလေအောင်

## ထက်အောင်လှူ(နံ့သာမြေ)

လောကသဘာဝအရ အသီးပင်၊ အပွင့်ပင်တို့ကြား၌ ပေါင်းမြက်ပင်တို့အတူရှိနေတတ်ပါပေ၏။ ထို့အတူ အကောင်းတို့နောက်၌လည်း အဆိုးတို့က ဒွန်တွဲနေတတ်ပေသည်။ “ရယ်စကားတွေသိပ်မပြောတော့ဘူးကွာ ရယ်ခြင်းနောက်က မောခြင်းက ကပ်ပါနေတယ်”ဟု ဆရာကြီး ဦးအောင်သင်း၏ အပြောကို အမှတ်တရ သတိရကြပေမည်။ မြန်မာဝေါဟာရ စကားလုံးတို့သည် စကားစုတစ်ခုချင်းဆီ၌ လေးနက်သော အဓိပ္ပာယ်တို့နှင့် တန်ဆာဆင်ထားပါ၍ သေချာသုံးစွဲ မှတ်သားလိုက်နာသင့်ပါပေသည်။ ရှေးလူကြီးတို့၏ ဆုံးမစကားများတွင် အပျော်အပျက်တွေမပြောနှင့်၊ အပျော်အပျက်တွေ မလုပ်နဲ့ကွာဟု ဆုံးမဖူးပါပေ၏။ အပျော်၏နောက်၌ အပျက်တို့ကပ်ပါတတ်ပါကြောင်း သတိမူရပေမည်။

**တစ်တော့အပျော်အပျက်**

လူ့အာရုံသည် ကောင်းမှုဖြစ်ရန် ခက်ခဲသလောက် မကောင်းမှု ပြောရန်၊ ပြုရန်၊ လုပ်ရန်ကား အလွန်ပင်လွယ်ကူလှပါ၏။ မကောင်းမှုဟူသည် စနစ်ကျရန် မလိုသကဲ့သို့ ထင်သလိုမြင်သလို အလွယ်တကူ တတ်မြောက်ပြုလုပ်ကျူးလွန်နိုင်ပါ၍ လူတို့အာရုံကို ဖမ်းစား၊ စေစားတတ်ပေ၏။ ထိုကျူးလွန်မှုအပေါ်၌ ယစ်မူးကာ အမှန်ထင်လျက် ဝေဖန်ထောက်ပြလာသူကိုပင် အထင်မှား အမြင်မှားတတ်ကြပြန်လေသည်။

ယနေ့ခေတ် လူအများစုသည် အွန်လိုင်းမီဒီယာ၊ ဆိုရှယ်မီဒီယာကို အသုံးပြုခြင်းသည် ခေလ့တစ်ခုဖြစ်လာပေ၏။ ထိုအထဲ၌ ကောင်းခြင်းအသီးအပွင့်တို့ရှိကြသကဲ့သို့ ဆိုးခြင်းပေါင်းမြက်တို့ ရောနှောနေပါသည်။ အွန်းလိုင်းတစ်တော့ပေါ်၌ အမျိုးသမီးငယ်တို့သည် မြူးကြွသော တေးသံတို့နှင့်အတူ ရင်သား၊ တင်သားတို့အား လှုပ်ရမ်းအကများနှင့် မြင်၍ မကောင်းလောက်အောင် သရုပ်ပျက်ခြင်းဘက် ကူးပြောင်းအရွေ့ ရွေ့နေကြပါပေသည်။ ထိုအမျိုးသမီးငယ်တို့သည် ယခင်က စိတ်ပြေလက်ပျောက် အပျော်ဟု မှတ်တမ်းတင်ရိုက်ကူးဆော့ကြရာမှ ယခုအခါ အပျော်နောက်၌ အပျက်တို့ဖြစ်ကြရပါပေသည်။ အပျက်တရား၌ အတင့်ရဲလှပုံမှာ အသိ၊ သတိဉာဏ်မဲ့သည့်တိုင် ဆိုရမလောက်ဖြစ်လာပါပေသည်။ လုံချည်ဝတ်ရာ အတွင်းခံဘောင်းဘီပေါ်အောင် တမင်ဖော်ပြမှု မှတ်တမ်းတို့သည်လည်း တိုးမြင့်တွေ့လာကြရပါပေသည်။ ထိုမှတ်တမ်းတို့သည် မိဘ မောင်ဘွားအစ်ကိုများ ကြည့်ရန်မသင့်တော်လောက်အောင် သရုပ်ပျက်အဆင့်ထိရောက်နေကြသည်။

မြီးကောင်ပေါက် အပျိုဖော်ဝင်စ ကျောင်းသူလေးများတိုင် ထိုအလေ့အကျင့်တို့ ကူးစက်စပြုနေပါပေသည်။ ငယ်ရွယ်ချိန် အသိဉာဏ်နုနယ်ချိန်ဖြစ်၍ အမှားလမ်းတို့အား အမှန်ထင်ကာ ဆက်လက်ကျူးလွန်နေကြပါသည်။ မနူးမနပ်အရွယ် အခြေခံပညာရေးတစ်ပိုင်းတစ်စနှင့် ထိုအရာတို့အား ဘဝဟု အထင်မှားနိုင်ပါပေ၏။ ထို့နောက် မိမိအား လူသိများခြင်း၊ ထင်ပေါ်ကျော်ကြားခြင်းများနောက်လိုက်၍ လမ်းပျောက်သည့်တိုင်ဖြစ်နိုင်၏။

**သောက်စား ပျော်ပါးခြင်းမှ အပျော်အပျက်**

ဘတ်စ်ကားပေါ်၌ အရက်ငွေ့တထောင်းထောင်းနှင့် လူငယ်များတွေ့ကြရသည်။ အလုပ်အပြန် သူငယ်ချင်းများ စားသောက်ကြရာတွင် အစက အပျော်ဟုထင်မိခဲ့ကြသည်။ ထို့နောက် မသောက်ရ မနေနိုင်ကာ အလုပ်ပြန်ချိန် သောက်ချင်မိသောဆန္ဒအားဖြည့်စီးရင်း ယမကာလုလင်ဖြစ်မှန်းမသိ ဖြစ်ကာ ရောက်မှန်းမသိ ရောက်ကြပေသည်။ အစရှိခဲ့ပါ၍ အနောင်နောင်ဖြစ်ကာ ခံစားမှုကိုတောင့်တသောကြောင့် အရက်သေစာအား မမှီဝဲဖြစ်ရန် အထူးသတိထားကြရပေမည်။

သူငယ်ချင်းများ ဝိုင်းဖွဲ့ကာ ဘီယာသောက်ပြီး ကြွားဝါခြင်းအလေ့အကျင့်မှ တစ်စတစ်စ မသောက်ရမနေနိုင်သောအဆင့်ရောက်သူများ ဒုနှင့်ဒေးပင် ရှိပါ၏။ “တို့အရွယ်က ပျော်မှသောက်ရမယ့် အရွယ်တွေ မဟုတ်ဘူးကွ၊ မသောက်ရရင် မပျော်တဲ့ အရွယ်တွေကွ”ဟု ကာတွန်းသရုပ်ဖော်ပုံပမာ ဖြစ်ကြပါချေ၏။ ထိုအရက်သေစာမှတစ်ဆင့် မူးယစ်ဆေးထိရောက်လျှင် စီးပွားပျက်၊ ဘဝပျက်ကြောင်းဖြစ်နိုင်၏။

**မြေပြင်နှင့် အွန်လိုင်းလောင်းကစား အပျော်အပျက်**

အစက တစ်ယောက်ထဲ နေရတာပျင်း၍ဆိုကာ ငါးဆယ်ကျပ်စ တစ်ရာကျပ်မှစ၍ အပျင်းပြေဆော့ကစားကြရင်း လောဘတက်ကာ စီးပွားဖြစ်နိုင်ဟု တွေးတောလျက် မြေပြင်နှင့်အွန်လိုင်းဂိမ်းတို့ဆော့ကြပါပေသည်။ လောင်းကစားပြုခြင်းသည် အချိန်နှင့် မိမိ၏ကိုယ်စွမ်းကိုယ်စတို့ မေ့လျော့နေလျက် ထိုဝဲအတွင်း နစ်မြုပ်နေကြသည်။ အချိန်တို့သည် ကုန်မှန်းမသိကုန်ဆုံးကာ ဥစ္စာတို့သည်လည်း ရှားပါးလာတတ်၏။ ထိုအခါ မကောင်းမှုဒုစရိုက်တို့ ပြုလုပ်ရန် အတင့်ရဲလျက် လောဘ၊ ဒေါသတို့နှင့် ပူလောင်ကြရပါပေသည်။ အစကအပျင်းပြေမှ ကြာလာသောအခါ အပြင်းစားဆောင်ရွက်လာကြသည်။ လောင်းကစားများသည် နိုင်ရာမှရှုံးကာ အရှုံးများလျှင် ဘဝပျက်နိုင်သည်အထိ ဖြစ်ပွားနိုင်ပေသည်။

ငွေကြေးမပါသော လောင်းကစားပင်ဖြစ်လင့်ကစား အပျော်လောင်းကစား ဂိမ်းကစားကြရာတွင် နည်းပညာက လူတို့၏စိတ်ကိုစွဲစေသည်။ လူတို့၏ အာရုံထဲအထိ စွဲလန်းနေအောင်သေချာဖန်တီးထားပါပေ၏။ ထိုအစွဲတို့ကြောင့် အလုပ်အကိုင်ပျက်သည်အထိ၊ လူမှုရေးမေ့မြောသည်အထိဖြစ်ကာ နောက်ဆုံး၌ ဦးနှောက်ပါ ပျက်စီးသည့်တိုင် ဖြစ်နိုင်ပါပေသည်။

**လူညံ့များမဖြစ်ရအောင်**

“ ပြစ်ပြီးသော လေး၊ ပြောပြီးသော စကား၊ ဆုံးသွားသော မိဘနှင့် ကုန်ဆုံးသွားသော အချိန်တို့သည် ပြန်လည်ပြုပြင်ပြောင်းလဲ၍မရတော့”ဟု အဆိုရှိပါ၍ အချိန်ကိုဖြုန်းတီးမှုသည် ဘဝကိုဖြုန်းတီးမှုဟု အသိတရားဝင်ကြရပေမည်။ ဆရာကြီး ပီမိုးနင်းကမူ “အချိန်သည် အဖိုးတန်ဆုံးသော အရင်းနှီး”ဟု သုံးနှုန်းခဲ့ပေသည်။ မိမိဦးနှောက်နှင့် အသိဉာဏ်ဖွံ့ဖြိုးမှုကို ရှေးရှုလုပ်ဆောင်လျက် တစ်ရက်ကြီးတစ်နည်းသာသောလူ ဖြစ်ရန်ကြိုးစားရပေမည်။

မိမိဘဝ နိမ့်ကျနေပါမူ အချိန်ကိုအကျိုးရှိရှိအသုံးပြု၍ ကြီးမြင့်သောအဆင့်သို့ တက်လှမ်းကြရပေမည်။ လူတိုင်းအတွက် နှစ်ဆယ့်လေးနာရီ အတူညီမျှရရှိပေသည်။ ထို့ကြောင့် အားငယ်စရာမလိုပါဘဲ အချိန်ရှိခိုက်လုံ့လစိုက် ဟူသောစကားနှင့်အညီ မိမိမတတ်မြောက်သေးသောအရာများအား သင်ယူလျက် ဘဝ၏ပန်းတိုင်သို့ရောက်ရန် ကြိုးကုတ်ကြရပေမည်။

မိမိတို့သည် အပျော်အပျက်တို့နောက်လိုက်နေပါလျှင် အချိန်ကုန်ဆုံး၊ ဘဝအညွန့်တုံးစေနိုင်ပါသည်။ ထို့ကြောင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်မှသာ ကျွန်တော်တို့ တစ်ဦးချင်း တစ်ယောက်ချင်းစီအတွက် အကျိုးဖြစ်ထွန်းလျက် လူ့အဖွဲ့အစည်း၊ တိုင်းပြည်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အပံ့ဖြစ်စေနိုင်ပေသည်။ ကြီးပွားအောင်မြင်လိုသူသည် အချိန်ကို အကျိုးရှိရာသို့ တန်ဖိုးထားအသုံးပြုတတ်ရန် လိုအပ်ပါသည်။ စာအုပ်စာပေတို့မှလည်း လေ့လာဆည်းပူးသင်ယူကြရမည်။

မိမိတို့၏အချိန်များအား အပျော်မှအပျက်ဘက်သို့ ရောက်သောအရာများအား ရှောင်ရှားကြရပါပေမည်။ တစ်ရက်နှင့်တစ်ရက် အသိဉာဏ်ပညာ တိုးပွားကြရပေမည်။ အချိန်ရှိခိုက်လုံ့လစိုက်လျက် ဘဝကို အဓိပ္ပာယ်ရှိစွာ ရှင်သန်ကြရပေမည်။ မိမိ၏ ရည်ရွယ်ရာ ပန်းတိုင်အား ဝီရိယ၊ လုံ့လနှင့် ကြိုးစားစွမ်းဆောင်ရမည်။ အပျော်အပါးများနောက်လိုက်၍ ကိုယ်ကျင့်သိက္ခာ စာရိတ္တတရားမပျက်ရလေအောင် အသိဆောင်ရမည်။ သို့မှသာ အဖိုးတန်သောလူဖြစ်ပေမည်။

အချုပ်ဆိုရပါလျှင် အချိန်တို့သည်ရွေ့လျားနေ၍ မဖြုန်းတီးပါဘဲ မိမိ၏ဘဝကိုကောင်းစွာ တည်ဆောက်ရပ်တည်ရမည်။ မိမိသန္တာန်၌ ကောင်းမှုမြတ်နိုးကောင်းကျိုးတို့ တည်ကြရပေမည်။ အပျော်အပျက်တို့သည် ကောင်းသည်ဟု ထင်ရပါပေသည်။ သို့သော် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသော ရှုထောင့်ပေါင်းစုံမှကြည့်ပါသော် ဘာမျှကောင်းကျိုး မရှိပါပေ။ သေချာ ဆင်ခြင်သုံးသပ်ပါမူ အာရုံခံစားမှုကောင်းခြင်းတို့သည် လူကိုဒုက္ခပေးတတ်ပါ၏။ ထိုအာရုံခံစားမှုနောက်လိုက်နေပါမူ အပျော်မှအပျက်ရောက်တတ်ပါပေသည်။ ထို့ကြောင့် မိမိတို့ရှင်သန်ချိန် ဘဝလမ်းခရီး၌ အပျော်မှအပျက်သို့ မရောက်ရလေအောင် သတိဆောင်၍ လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ပါသည်။ ။

## စာတတ်မြောက်ရေး ဝိုင်းကူပေး

❖ တို့နိုင်ငံ တိုးတက်ရေး
မျိုးဆက်သွေးတို့ တာဝန်ပါ၊
အလိမ္မာ စာမှာရှိလို့
ထိတွေ့လေ့လာ၊
အမိုက်အမှား ရှောင်ကြဉ်ခွာ
နောင်အခါ တိုးတက်ဖို့၊
ပညာကို ပေါင်းဖက်ကာ
ကျောင်းတက်ကြစို့။

❖ မိဘဆရာ ပူးပေါင်းလို့
တူးမြောင်းသို့ ရေသွယ်၊
မြတ်ပညာ တိုးတက်ဖို့
ပေါင်းကူးဆက်သွယ်၊
အနာဂတ်ရဲ့ တောက်ပကြယ်
ရောက်ရမယ် ထိပ်ဆုံး၊
ကျောင်းပြင်ပ ကလေးများကို
အားပေးစည်းရုံး။

❖ စာမတတ်လျှင် လူဖြစ်ရှုံးလို့
နိုင်ငံအားလုံး ဆောင်ရွက်ကာ၊
“စက်တင်ဘာ ရှစ်ရက်နေ့”
မမေ့ချိန်ခါ၊
စာတတ်မြောက်ရေး
ဝိုင်းဝန်းကာ
ကမ္ဘာမှာ ကူညီပေး၊
အနာဂတ်ရတနာ တောက်ပဖို့
စောင့်ရှောက်စို့လေး။ ။

ပန်းမာလာ

❍ MNL မှ

ဟံသာဝတီယူနိုက်တက်အသင်းသည် မဟာယူနိုက်တက်အသင်းကို အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ယူပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်တို့ကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်သော်လည်း မိနစ် ၃၀ ကျော်မှသာ သွင်းဂိုးများ တွေ့မြင်ခဲ့ရသည်။ ယခုပွဲအတွက် အကောင်းဆုံးတိုက်စစ်မှူးဆုကို ဟံသာဝတီယူနိုက်တက် တိုက်စစ်မှူး အောင်မြတ်သူက ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ကိုးပွဲကစား ၂၂ မှတ်၊ မဟာယူနိုက် တက်အသင်းက ကိုးပွဲကစား ၁၃ မှတ် ရရှိထားသည်။

ပွဲစဉ် (၉) တတိယနေ့ကို စက်တင်ဘာ ၈ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပုသိမ်ကွင်း၌ ရောဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ Dagon Port အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောင်းကုန်းမြို့ရဲတပ်ဖွဲ့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကျောင်းကုန်း စက်တက်ဘာ ၇**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ကျောင်းကုန်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အမှတ်(၂) ရပ်ကွက် ခုတင်(၁၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ယနေ့ နံနက် ၇ နာရီက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်ဦးနှင့် မြို့မစခန်းမှူးတို့ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ မင်းမနိုင်ရဲကင်းစခန်းနှင့် လှည်းဆိပ်ရဲကင်းစခန်းတို့မှ တပ်ဖွဲ့ဝင် ၆၀ တို့က ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ၊ မြက်များနှင့် အမှိုက်များအား ရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



✪ ကျောဖုံးမှ

ဘယ်လ်ဂျီယံအသင်းကတော့ အစ္စရေးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးတွေကို ကီဗင်ဒီဘရိုင်းက ပွဲကစားချိန် ၂၁ မိနစ်နဲ့ ၅၂ မိနစ်(ပင်နယ်တီ)တို့မှာ နှစ်ဂိုး၊ ၄၈ မိနစ်မှာ တီယယ်လီမန်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး အစ္စရေးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၃၆ မိနစ်မှာ ကက်စတာနီရဲ့ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုးကြောင့် ရရှိခဲ့တာဖြစ်ပါတယ်။

အခြားသော ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်တွေမှာတော့ ဆိုက်ပရက်စ်အသင်းက လစ်သူရေးနီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရိုမေးနီးယားအသင်းက ကိုဆိုဗိုအသင်းကို သုံးဂိုး-ဂိုးမရှိ၊ အိုက်စ်လန်အသင်းက မွန်တီနီဂရိုးအသင်းကို နှစ်ဂိုး-ဂိုးမရှိ စသဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့ပြီး ဝေးလ်အသင်းနဲ့ တူရကီယဲအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ ကာဇက်စတန်အသင်းနဲ့ နော်ဝေအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ ဆလိုဗေးနီးယားအသင်းနဲ့ ဩစတြီးယားအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ စသဖြင့် ရလဒ်အသီးသီးထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**



ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယ ရဲမှူးကြီး ဉာဏ ဦးဆောင်ပြီး သာယာဝတီမြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စိုးလွင်၊ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(သာယာဝတီ)မှ ရဲအုပ်ဥက္ကာသွင်တို့ ပူးပေါင်း၍ ရဲတပ်ဖွဲ့ဝင်များက ယနေ့နံနက် ၇ နာရီတွင် သိဒ္ဓိလာဘ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းအပြင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းဆောင်ရွက်စဉ်။

ခရိုင် (ပြန်/ဆက်)

# ONE 168: Denver ပြိုင်ပွဲတွင် မြန်မာဖိုက်တာ အောင်လအန်ဆန် အရေးနိမ့်

**ရန်ကုန် စက်တင်ဘာ ၇**

မြန်မာစံတော်ချိန် စက်တင်ဘာ ၇ ရက် နံနက်အစောပိုင်းက အမေရိကန်နိုင်ငံ၌ ကျင်းပသည့် ONE 168: Denver ပြိုင်ပွဲတွင် ပါဝင်ထိုးသတ်ခဲ့သည့် မြန်မာဖိုက်တာ အောင်လအန်ဆန် ရှုံးပွဲကြုံတွေ့ခဲ့သည်။

အောင်လအန်ဆန်သည် တူရကီနိုင်ငံသား ရှာမေးလ်အာဒိုဂန်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဒုတိယအချီတွင် အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။ အောင်လအန်ဆန်သည် ယခုပွဲအရေးနိမ့်ခဲ့သဖြင့်၎င်းမျှော်လင့်နေသည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ပြန်လည်စိန်ခေါ်ခွင့်ရနိုင်မည့်အခွင့်အရေး နည်းပါးသွားမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ယခုပွဲတွင် ပြိုင်ဘက် အာဒိုဂန်ကို အဘက်ဘက်မှ ယှဉ်နိုင်ခြင်းမရှိဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ပထမအချီ စကတည်းက အာဒိုဂန်က ချုပ်ကွက်ဖြင့်ပွဲသိမ်းနိုင်ရန် ကြိုးပမ်းခဲ့ရာ အောင်လအန်ဆန်အနေဖြင့် ရုန်းထွက်ရန် ကြိုးစားရင်း အချိန်ကုန်ခဲ့ရသလို အားကုန်သွားသဖြင့် ဒုတိယအချီတွင် သိသိသာသာအားပျော့ခဲ့သည်။ ဒုတိယအချီအစတွင် Stand Fight ယှဉ်ထိုးသတ်သော်လည်း အာဒိုဂန်ကသာ အနိုင်ရခဲ့ပြီး တစ်မိနစ်ကျော်တွင် အာဒိုဂန်က ချုပ်ရန် ကြိုးပမ်းခဲ့ပြီး အပေါ်စီးမှ ဆက်တိုက်ဖိထိုးရာ ၂ မိနစ် ၄၈ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အာဒိုဂန် အနိုင်ရခဲ့သည်။

အောင်လအန်ဆန်သည် တစ်နှစ်ကျော် ပွဲဝေးပြီးမှ ထိုးသတ်ရခြင်းဖြစ်ပြီး အကောင်းဆုံးပုံစံမပြသနိုင်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT) ပုံစံဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားလိုသည့်ကုမ္ပဏီများအား စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest-EOI) တင်ပြရန် သက်တမ်းတိုးမြှင့်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT) ပုံစံဖြင့် နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိက အထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်၍ မျက်စိရောဂါကုသမှု၊ ကင်ဆာရောဂါကုသမှု၊ ဆီးနှင့်ကျောက်ကပ်ရောဂါကုသမှုနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အထွေထွေရောဂါအထူးကုသမှုစသည်တို့အား ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူလူထုအတွက် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ အားဖြည့် ဆောင်ရွက်သွားရန်အတွက် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest-EOI) အား ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ Hard copy/ Soft copy (Word file)များဖြင့် (၂-၉-၂၀၂၄)ရက်နေ့ ညနေ (၄:၀၀)နာရီနောက်ဆုံးထား၍ အဆိုပြုလျှောက်ထားနိုင်ကြောင်း ကြော်ငြာခဲ့ပါသည်။

၂။ သို့ရာတွင် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသားရင်းနှီး မြှုပ်နှံသူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆောင်ရွက်နိုင်စေရန်အတွက် (Expression of Interest-EOI) ဖိတ်ခေါ်ခြင်းအား (၂-၁၀-၂၀၂၄)ရက်နေ့ ညနေ (၄:၀၀)နာရီ နောက်ဆုံးထား၍ အဆိုပြုလျှောက်ထားနိုင်ကြောင်း ပြင်ဆင်ထုတ်ပြန်အပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင်**
**ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန်**
**အကောင်အထည်ဖော်ရေးကော်မတီ**

## ဦးခင်မောင်ဝင်း (ဘ) ဦးစိန်မဟာ ဦးမျိုးကိုကို (ဘ) ဦးရွှေလှူနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကွမ်းခြံရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၃၃၅)နေ အဖ ဦးစိန်မဟာ၏သမီးဖြစ်သူ ဒေါ်သန်းသန်းမြင့် [၁၂/တတန(နိုင်) ၀၀၅၉၂၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးခင်မောင်ဝင်း၊ ဦးမျိုးကိုကိုနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကွမ်းခြံရပ်ကွက်၊ ကွမ်းခြံဖျားကွင်း၊ ကွင်းအမှတ်- ၈၂ /A ၊ ဦးပိုင်အမှတ်-(N 5)၊ ဧရိယာ (၀.၀၂၀) ဧကရှိ မြေကွက်မှာ မိဘများဖြစ်သော ဦးစိန်မဟာ၊ ဒေါ်လှမြင့်တို့ ကျန်ရစ်ခဲ့သည့် ပစ္စည်းဖြစ်ပါကြောင်း ဦးခင်မောင်ဝင်းက (၆-၉-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ ၂၂ ပါ ကြေညာဖော်ပြသည့် အကြောင်းအရာများသည် မှန်ကန်မှုမရှိပါ။

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကွမ်းခြံရပ်ကွက်၊ ကွမ်းခြံဖျားကွင်း၊ ကွင်းအမှတ်- ၈၂ /A၊ ဦးပိုင်အမှတ်-(N 5)၊ ဧရိယာ (၀.၀၂၀) ဧကရှိ မြေပြင်တွင် အလျား (၃၃)ပေ၊ အနံ(၆၀)ပေရှိ မြေကွက်သည် ဒေါ်သန်းသန်းမြင့် အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိပြီး ဒေါ်သန်းသန်းမြင့် နှင့် ခင်ပွန်းဖြစ်သူ ဦးတင်ခိုင်တို့ အတူတကွပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။ ဒေါ်သန်းသန်းမြင့်က မြေကွက်ပေါ်တွင် ၃ ခန်းတွဲ အဆောက်အဦဆောက်လုပ်ကာ အိမ်ငှားများကို ငှားရမ်းနေထိုင်စေပြီး ဒေါ်သန်းသန်းမြင့်ကိုယ်တိုင် စီမံခန့်ခွဲနေသည့် အိမ်နှင့်မြေဖြစ်ပါသည်။ အဆိုပါ ၃ ခန်းတွဲအဆောက်အဦ ဆောက်လုပ်ထားသည့်မြေမှာ မိဘများကျန်ရစ်ခဲ့သည့် ပစ္စည်းမဟုတ်ပါ။ ဦးခင်မောင်ဝင်းတွင် ပိုင်ဆိုင်ခွင့်၊ အကျိုးသက်ဆိုင်ခွင့်လည်းမရှိပါ။ ထို့သို့ ဒေါ်သန်းသန်းမြင့်နှင့် ခင်ပွန်း ဦးတင်ခိုင် ပိုင်ဆိုင်သည့် အိမ်နှင့်မြေကို ဦးမျိုးကိုကိုထံ ရောင်းချပိုင်ခွင့်ရှိသည့်အတွက် ဦးမျိုးကိုကိုမှလည်း ရှေ့နေဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများစစ်ဆေးပြီးနောက်မှ ဒေါ်သန်းသန်းမြင့်တို့ပိုင်ဆိုင်ကြောင်း မှန်ကန်သဖြင့် ရှေ့နေ၏ရှေ့မှောက်၌ စရန်ပေးစာချုပ် ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဖော်ပြပါ အိမ်နှင့်မြေသည် မိဘများကျန်ရစ်သည့် ပစ္စည်းမဟုတ်သောကြောင့် ဦးခင်မောင်ဝင်း အနေဖြင့် မည်သို့မှ ပိုင်ဆိုင်ခြင်း၊ သက်ဆိုင်ခြင်းမရှိသဖြင့် ၎င်းတွင်ကန့်ကွက်ပိုင်ခွင့်မရှိပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချမ်းမြေ့စန်းသွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၉၈) (၃၀-၁၁-၂၀၂၃)**
**ကျွန်းတော(၃)လမ်း၊ ကျွန်းတောရပ်ကွက်၊ တွံတေးမြို့နယ်။**
**Ph: 09-690775790**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ လူနေရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ် (၁၂၄)၊ အလျားxအနံ (၄၀ပေx ၆၀ပေ)ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်လမ်းမကြီး၊ အမှတ် (၁၂၄) ဟုခေါ်တွင်သော နှစ်(၆၀) မြေငှားဂရန်အမျိုးအစား မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမောင်လှထွန်း [၁၁/စတန(နိုင်) ၀၂၆၆၄၂]မှ လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါမြေကို အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဝင်းဝင်းမော် (LL.B)** | **ဒေါ်စောတိုးတိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၉၃)** | **အထက်တန်းရှေ့နေ (စဉ်-၂၂၅၆၁)** |

**အမှတ် (၁၀၆၉/က)၊ ပထမထပ်၊ ဘုရားလမ်း၊ (၇) အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၀၈၆၉၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၄)လမ်းအရှေ့၊ အမှတ် (၁၂၂၀)ဟု ခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ ပေ၊ အနံ ၆၀ ပေ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက် အဆောက်အအုံ၏ ဒုတိယထပ်(ခေါင်းရင်းခန်း) တိုက်ခန်းအား ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ထားသည့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ခင်ရီ [၁၄/ငပတ(နိုင်)၁၂၅၂၂၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းခင်ဌေးမြင့် [၃/ဘအန(နိုင်)၂၁၅၈၂၃]က တရားဝင်အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ယနေ့သတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်၍ ပြုလုပ်သွားမည်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းခင်ဌေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းနွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၂၅)**
**အမှတ်(၄၅၆)၊ဗိုလ်ချိန်(၅)လမ်း၊ (၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - 09-442060411,09-680190909**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒီနှင်းနှင်း(ခ)ဒေါ်ဆုမြတ်မိုး [၁၂/လသန(နိုင်)၀၂၂၄၀၁]သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၉)ရပ်ကွက်၊ ပဒုမ္မာ(၃)လမ်း၊ အိမ်အမှတ်(၁၁၄၃)၊ လူနေရပ်ကွက်အမှတ်(၄၉)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၁၁၄၃)၊ ဦးဉာဏ်ဝင်း အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် အကျယ်အဝန်းအားဖြင့် (၄၂ပေခွဲx ၆၀ပေ)ရှိသည့်အနက်မှ အကျယ်(၂၂ပေx ၆၀ပေ)ရှိ မြေနှင့်အိမ်ကို အရှုပ်အရှင်းကင်းစွာဖြင့် ပိုင်ဆိုင်ခွင့်ရှိသည်ဟုဆိုသော ဒေါ်ဖြူဖြူမေသန်း [၁၂/ဗဟန(နိုင်) ၁၃၂၆၀၁]နှင့် ဒေါ်နီလာအောင်လင်း [၁၂/မဂတ (နိုင်) ၀၄၇၇၇၃]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒီနှင်းနှင်း(ခ)ဒေါ်ဆုမြတ်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းထိုက်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၆၃)**
**ရုံး-အမှတ်(၂၁၃)၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-403159599, 09-251022142**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ် (၈၃/၈၅) (၈လွှာ-A)၊ အလျား ၂၅ပေ x အနံ ၅၀ပေ ရှိ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မာမာဆွေ [၁၄/ဒဒရ(နိုင်) ၁၀၈၁၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချောစုနိုင် [၁၂/ကမတ(နိုင်) ၀၆၂၉၄၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသိမ့်သိမ့် (LL.B) (D.M.L)**
**အထက်တန်းရှေ့နေ ( စဉ် - ၂၅၀၇၁)**
**အမှတ် (၂၄)၊ ၄-ဘီ၊ နီဗွာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၆၅၁၈၈၄၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေ အနောက်(၁)လမ်း၊ အမှတ် [၁၇၆(က+ခ)ဟု ခေါ်တွင်သော ၂ ခန်းတွဲ (၆)ထပ်တိုက်၏ တိုက်ရှေ့မျက်နှာမူလျှင် လက်ဝဲဘက်] တစ်မိုးအောက် ငါးလွှာ၊ အကျယ်အဝန်း(၁၇ ပေx ၅၄ ပေ)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံအဆိုပြုသူ ဒေါ်ရွှေစင်အိ (ဘ) ဦးဝင်းကြည် [၁၂/ဒပန(နိုင်)၀၄၄၂၁၃] ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်လှိုင်(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၄၇)**
**အမှတ် (၂၂၂/ခ)၊ အောင်သုခလမ်း၊ (တ/၁၅)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၅၂၄၉၄၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာအပိုင်း(၁) တိုက်(၃၁)၊ အခန်း(၀၀၂) အမည်ပေါက်ဒေါ်မြဝင်း [၁၂/အလန(နိုင်)၀၀၆၄၃၇] ကိုယ်စား ဦးစိုင်းခမ်းကျော် [၁၃/ကတန(နိုင်) ၀၀၁၈၇၉] မှ တိုက်ခန်းပိုင်ဆိုင်မှု Owner Book မူရင်း စာအုပ်ထုတ်ယူခွင့်ပြုပါရန် အရောင်းအဝယ်စာချုပ်၊ အထွေထွေကိုယ်စားလှယ်လွှဲစာချုပ်၊ ငွေသွင်းချလန်မူရင်း (၄)ရွက်၊ တရားရုံးကျမ်းကျိန်လွှာ၊တိုက်ခန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်း အထောက်အထားများ တင်ပြလာပါသဖြင့် Owner Book ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုင်ဆိုင်မှု Owner Book မူရင်းစာအုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-က၊ မြေကွက်အမှတ်-၆၈၈၊ (၂၄၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာ-အမှတ် (၆၈၈)၊ နွယ်သာကီ (၁) လမ်း၊ (က) ရပ်ကွက်၊ ဒေါ်မြစီ [၁၂/ဥကမ (နိုင်) ၁၂၇၈၅၀] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၆၂၈၉/၂၀၂၃ (၁၂-၇-၂၀၂၃) ဖြင့် ဒေါ်ငွေးရီ + ၈ တို့က ပိုင်ဆိုင်ခဲ့ပြီး၊ ၎င်းတို့ထံ မှ အရောင်းအဝယ်စာချုပ်အမှတ်-၇၆၈၃/၂၀၂၃/ ၁-၁၁-၂၀၂၃ ဖြင့် ဝယ်ယူသူ ဦးဝင်းအောင် [၁၀/သထန(နိုင်)၁၅၂၃၀၆] က အမည်ပြောင်းလျှောက်ထားခဲ့ရာ မြေရာဇဝင်ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားခဲ့စဉ်က အမည်ပေါက်၏သား/သမီးချွေးမများဖြစ်သည့် ဒေါ်ငွေးရီ၊ ဒေါ်ယဉ်ယဉ်ဦး၊ ဒေါ်ကုသန္တာ (ခ)ဒေါ်အမာတင်၊ ဦးဇော်မင်း၊ ဒေါ်ငွေးငွေးဝင်း၊ ဒေါ်ရီရီငွေး၊ ဒေါ်သန်းသန်းထွေး စသည့် (၇) ဦးဖြင့် လျှောက်ထားခဲ့ပြီး၊ ပိုင်ဆိုင်စာချုပ်ချုပ်ဆိုသည့်အခါ ဒေါ်ငွေးငွေးဝင်း (ကွယ်လွန်)အစား ၎င်း၏ သား/သမီး (၃)ဦးဖြစ်သည့် မနီလာဦး၊ မဆုနန္ဒာဦး၊ မောင်ကျော်ဝင်းသိန်း (အမွေမမီမြေး) (၃)ဦးပါဝင်စာချုပ်ချုပ်ဆိုထားကြောင်းတွေ့ရှိရခြင်းအပေါ် ရှင်းလင်းစေရာ ဝင်စာအမှတ်-၉၀၉၇/၁၁-၇-၂၀၂၄ ရက်စွဲဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက်ဌာနတွင် မြေပုံမြေရာဇဝင်ကို မောင်နှမ (၇)ဦး အမည်ဖြင့်လျှောက်ထားခဲ့ပြီး၊ မြေပုံမြေရာဇဝင် ထုတ်ယူရရှိခဲ့ကြောင်း၊ ရန်ကုန်မြို့စာချုပ်စာတမ်းရုံးတွင် ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုမှုပြုရန် စီစဉ်ခဲ့ရာတွင် ဒေါ်ငွေးငွေးဝင်းသည် ယောက္ခမများဖြစ်သည့် ဦးစံမြင့်၊ ဒေါ်မြစီတို့၏ သားဖြစ်သူ ဦးမြင့်ဦး (ကွယ်လွန်) ၏ဇနီးဖြစ်ပြီး ခင်ပွန်းဖြစ်သူ ဦးမြင့်ဦးမှာ မိခင်ဖြစ်သူ မကွယ်လွန်မီ ကွယ်လွန်ခဲ့သည့်အတွက် မိမိအနေဖြင့် ရပိုင်ခွင့်မရှိဘဲ အမွေမမီမြေးများဖြစ်ကြသည့် မိမိ၏သား/သမီးများ ဖြစ်ကြသော မနီလာဦး၊ မဆုနန္ဒာဦး၊ မောင်ကျော်ဝင်းသိန်းတို့အနေဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ခင်ပွန်းဖြစ်သူ ဦးမြင့်ဦး ( ကွယ်လွန်) ၏ ပိုင်ဆိုင်အစုအတွက် ပြောင်းလဲပါဝင်ချုပ်ဆိုခဲ့ကြောင်း၊ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုပြီးနောက် မောင်နှမများရပိုင်ခွင့်အတွက် ၎င်းတို့ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ကိုခန့်လင်းက ဝယ်ယူသူ ဦးဝင်းအောင်သို့ ရောင်းချမှု ပြုခဲ့ပြီးဖြစ်ကြောင်း၊ ဦးဝင်းအောင်အနေဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပြီးနောက် ၎င်း၏ အမည်သို့ပြောင်းလဲပေးပါရန် လျှောက်ထားချိန်တွင် မြေပုံမြေရာဇဝင်ကူးယူ ခဲ့ရာတွင် မောင်နှမ (၇) ဦးမှ ကူးယူခဲ့ပြီး ပိုင်ဆိုင်+အရောင်းချုပ်ဆိုရာတွင် မောင်နှမ (၆) ဦးနှင့် မိမိ၏သား/သမီး (၃) ဦး အပါအဝင် စုစုပေါင်း (၉) ဦးချုပ်ဆိုခြင်းသည် ခင်ပွန်းဖြစ်သူ ဦးမြင့်ဦးမှာ အမွေရှင်ထက်အရင်ကွယ်လွန်ခဲ့ပြီဖြစ်၍ ၎င်း၏အမွေစုအား သား/သမီး (၃)ဦးကသာ ဆက်ခံခွင့် ရှိမည်ဖြစ်ကြောင်း သိရှိရသည့်အတွက် သား/သမီး (၃) ဦးက ပိုင်ဆိုင်စာချုပ်တွင် လက်မှတ်ရေးထိုး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့ချုပ်ဆိုခဲ့သော ပိုင်ဆိုင်ကြောင်း စာချုပ်နှင့် ဦးဝင်းအောင်မှ ချုပ်ဆိုသောအရောင်းအဝယ်စာချုပ်သည် ရိုးသားစွာချုပ်ဆိုခဲ့သော စာချုပ်ဖြစ်ပါသဖြင့် ဦးဝင်းအောင်၏ အမည်ပြောင်းလျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးပါရန် ဒေါ်ငွေးရီ+၈ တို့က တင်ပြလာသဖြင့် ဦးဝင်းအောင်၏ အမည်ပြောင်း လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်နှင့် မိဘအမည်မှန် အများသိစေရန် ကြော်ငြာခြင်း

ကျွန်ုပ်၏မြေးဖြစ်သူမှာ အိမ်ထောင်စုလူဦးရေစာရင်းတွင် မောင်ရိန်းဒူ ဟုလည်းကောင်း၊ အရှင်မွေးလက်မှတ်တွင် အိုင်းဇက်ရိန်းဒူဟုလည်းကောင်း ကွဲလွဲနေပါသဖြင့် အရှင်မွေးလက်မှတ်တွင်ပါရှိသော အိုင်းဇက်ရိန်းဒူသာလျှင် အမှန်ဖြစ်ကြောင်းနှင့် အိုင်းဇက်ရိန်းဒူ၏ ဖခင်နှင့် မိခင်တို့၏အမည်မှန်မှာ အရှင်မွေး လက်မှတ်တွင် ပါရှိသော ဦးကိုကိုထွေးနှင့် ဒေါ်မလိဆိုင်းပန်တို့ ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နန်းပရီ**
**[၁/မညန (နိုင်) ၀၆၃၃၄၇]**
**အမှတ် (၁၄၇၂)၊ (၇) ဈေးလမ်းမကြီး၊ ၁၀/တောင်၊ (၁၄)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အမည်မှန်ဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ (ဘ) ဦးသိန်းရွှေ၏ သမီးဖြစ်သူ မတုံတုံ(ခ) မအိမ့်ခြူးပန် [၁၂/ဒဂတ(နိုင်) ၁၅၆၀၄၄]သည် ပညာမော်ကွန်းကိုယ်ပိုင်အထက်တန်းကျောင်း ကောဒသမတန်း (Grade-11) ကျောင်းတွင်ပညာသင်ကြားနေသော ကျောင်းသူ၏အမည်မှန်မှာ မတုံတုံ(ခ) မအိမ့်ခြူးပန် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြတ်စုသင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၃၁)**
**တိုက်(၁၄၂)၊ ၈-လွှာ၊ ၄၈-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၉၈၀၀၉၂၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နေ မိခင် ဒေါ်နွဲ့နွဲ့ရီ၏ သားဖြစ်သူ မောင်သူရ [၁၄/မမန(နိုင်)၂၀၉၇၃၉]သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ မိခင်အား စိတ်ဆင်းရဲမှုကို အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို လုံးဝ(လုံးဝ) တာဝန်မယူပါကြောင်း။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**ဒေါ်နွဲ့နွဲ့ရီ**
**[၁၄/မမန(နိုင်)၀၂၆၈၄၇]**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ (၂၀)လမ်း၊ အမှတ် (၃၄-B)၊ တစ်ခန်းလျှင် (၁၂$\frac{3}{4}$'x၄၀') အကျယ်အဝန်းရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ပထမထပ် (လက်ဝဲဘက်) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ဖြူနှင်းဝါ [၁၄/ဝခမ(နိုင်) ၁၅၂၅၁၈]မှ အမွေဆက်ခံပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ (စဉ်-၇၁၂၄)** **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-တာကြီး၊ မြေကွက်အမှတ်-၄၅၂၊ မြေအကျယ်အဝန်း(အလျား ၄၀'× အနံ ၆၀')၊ ဧရိယာ (၀ ·၀၅၅)ဧကရှိ ဦးစိန်လှ(ခ)တိန်ကြန်အောင် (H/RGN-037261) (၁၂/လမတ(နိုင်)၀၂၉၁၂၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား မြေအမည်ပေါက် ဦးစိန်လှ(ခ)တိန်ကြန်အောင် (၁၂/လမတ(နိုင်)၀၂၉၁၂၄)၊ ဦးထွန်းအောင် (၁၂/လသန (နိုင်)၀၀၃၄၂၀)တို့မှ တာဝန်ယူရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေငြာစာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးအေးမူ(စဉ်-၈၂၂၃) (၁၀-၅-၂၀၁၂)**
**LL.B, D.B.L,D.M.L တရားလွှတ်တော်ရှေ့နေ**
**တိုက်-၉/၁၁၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၅၀၁၃၉၉၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း/တောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်-၁၅ (၃-လွှာ/ဘီ)၊ ရေ၊ မီးစုံ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းသူဦးနန်းရအောင် [၁၂ /ဥကတ(နိုင်)၁၄၃၄၁၁]က ယခင်ပိုင်ရှင်များထံမှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး မည်သူ့ကိုမဆို ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိကြောင်း၊ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ပြောဆို ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းခဲ့သဖြင့်ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဂျာဘရိမ့် [၁/ကမန(နိုင်)၀၁၇၂၆၂] မှ အပြီးအပိုင်ဝယ်ယူရန်အတွက်တိုက်ခန်း ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်သူ၏ညွှန်ကြားချက်ဖြင့်-**

**ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၅၅)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ M A C Tower ၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၅၁၃၄**

## မြေရောင်းမည်

ကာယ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ ပေ(၁၀၀x၁၇၅) နှစ် (၆၀) ဂရန်မြေ သိန်း(၁၆၀၀၀)

**ဖုန်း-၀၉-၇၈၉၅၅၉၇၈၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၁၉၈၄ ပြင်)၊ ဘူးကွဲပြင်အကွက်၊ ဦးပိုင်အမှတ် (၆၄/၃၀)၊ ဧရိယာ (၀ ဒသမ ၁၆၆) ဧကရှိ မြေကို ဒေါ်သီဂီအောင် အမည်ဖြင့် မြေငှားဂရန်(အသစ်)ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့် နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၂-ရပ်ကွက်၊ ရွှေဝါခိုင်လမ်း၊ အမှတ်(၄)ဟုခေါ်တွင်သော မြေအကျယ်အဝန်း (အလျား ၂၅ပေx အနံ၅၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ၁။ဦးကျော်ဝင်း [၁၂/စခန(နိုင်)၀၅၅၁၇၄] (အင်န်ဝိုင်အိပ်ချ်အီး-၀၁၅၉၁၇)၊ ၂။ဒေါ်မော်မော်သင်း [၁၂/စခန(နိုင်)၀၂၃၇၅၃](အေ/အာရ်ဂျီအန်-၀၂၃၀၁၆)တို့ ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှဝယ်ယူရန်အတွက်မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(LL.B, D.B.L)** | **ဒေါ်အေးအေးသိန်း(B.A, PGDL )** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၉၂၁၂)** | **(စဉ်-၅၆၅၆၆)** | **(စဉ်-၅၆၅၆၅)** |

**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ လူနေရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်-၆၃၃/ခ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်စိန် [၁၂/ဥကတ(နိုင်)၁၁၂၀၃၀]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အကျယ်အဝန်း (၂၀ပေx၆၀ပေ)အနက်မှ (၁၀ ပေ x ၆၀ ပေ) (ခေါင်းရင်းခြမ်း) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်ခြံမြေအကျိုးခံစားခွင့် အရပ်ရပ်တို့အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ **ဒေါ်ကြည်ကြည်ဝင်း [၁၂/ဥကတ(နိုင်)၁၁၄၃၅၆]**ကိုင်ဆောင်သူထံသို့ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ **ဒေါ်လုံးလုံးမြင့် [၁၁/ကဖန(နိုင်)၁၂၀၇၂၄]**က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်မင်းကြည်** | **ဦးအောင်ဖြိုးပိုင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၉၈၄) (၃-၉-၂၀၁၉)** | **အထက်တန်းရှေ့နေ (စဉ် - ၅၀၂၉၀)** |

**အမှတ်(၂၃၆၃/က)၊ ဖေယျဝတီ(၅)လမ်း၊ ၁၀/တောင်(၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၈၁၅၆၅၆၃**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ တိုက်အမှတ်(၇၉)၊ (၁)ခန်းတွဲ Hall (၅)ထပ်တိုက် အဆောက်အဦမှ (ပထမထပ်) တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်။

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှအေး(ခ) ဒေါ်စုကုလားချူးမီး (ကွယ်လွန်)၏ ခင်ပွန်းဖြစ်သော ဦးအောင်မြင့် [၁၂/မရက(နိုင်) ၀၇၈၈၆၇]ထံမှ ဦးစောခိုင်ဇော်ထွန်း [၇/လပတ(နိုင်)၁၂၃၅၆၅]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှု မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစောခိုင်ဇော်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၁၁၀)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်ခင်တိုးမေ [၁၂/ဥကမ(နိုင်)၀၅၆၇၇၇] အမည်ပေါက် နှစ်(၆၀)ဂရန် မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးကမ်းထားခြင်း၊ ရောင်းချထားခြင်း၊ လှူဒါန်းထားခြင်း၊ ပေါင်နှံထားခြင်း တစ်စုံတစ်ရာမရှိပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၆-ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ (အရပ်ခေါ် ၅-ရပ်ကွက်)၊ ရန်ငြိမ်းအိမ်ရာ၊ တိုက်အမှတ်-၉၂၅၊ အခန်းအမှတ်-၅၃ (၅-လွှာ) ဟု ခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသည့် ဒေါ်ချိုနှင်းဝေ [၁၂/ဥကမ (နိုင်) ၁၇၇၆၆၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်း အရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိန်ဝင်း B.A, H.G.P, C.B.L, D.B.L, D.M.L**
**အထက်တန်းရှေ့နေ( စဉ်-၆၀၈၂/၈၂)**
**တိုက်အမှတ်-၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၈၇၉၂၇၁၉၉**

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ ရှုခင်းသာလမ်း၊ အမှတ်- ၂၇၃ ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ရှုခင်းသာ၊ မြေကွက်အမှတ်-၂၇၃၊ (၁၂၅၀ စ/ပေ)အကျယ်ရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစား မြေကွက်နှင့်တကွ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်လက်ရှိ ပိုင်ဆိုင်သူ ဒေါ်အေးသီရိအောင် [၁၂/သကတ(ပြု)၀၀၀၁၃၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိဇော် တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၀၁၈)**
**တိုက်အမှတ်-၂၁၄၊ Min Ye Kyaw Swar Residence, အခန်း- ၂၀၂၊ မင်းရဲကျော်စွာလမ်း၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်သင်းသင်းဝေ [B.Com (1977)]

## အသက် (၇၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သပြေလမ်း၊ အိမ်အမှတ်(၂၅၄)၊ အခန်း(၃၀၁)နေ (ဦးအမ်း-ဒေါ်တင်ကြည်)တို့၏သမီး၊ ဦးထွန်း- (ဒေါ်မင်းပေါ်) တို့၏သမီးချွေးမ၊ ဦးတင်ဝေ [ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပညာရေး/သိပ္ပံနည်းပညာ၊ အကြံပေး(မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ)]၏ဇနီး၊ ဒေါ်ဝေမာသင်း-ဦးဖြိုးသူရအောင် တို့၏မွေးသမိခင်၊ မောင်ရဲသုဝေ(ဆေး-၁၊ ရန်ကုန်)၏ အဘွား ဒေါ်သင်းသင်းဝေ သည် ၇-၉-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၂၄ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၂၄ ရက် နံနက်ပိုင်းတွင် ဆွမ်းကျွေးတရားတော်နာယူခြင်းကို အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပေးပါရန် ညိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုအောင်လင်းဦး(ခ)ကိုလင်း

**လျှပ်စစ်ကျွမ်းကျင်(၄)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**(ရွှေတိဂုံ ဗုဒ္ဓဟူးညနေသန့်ရှင်းရေးအသင်း)**
**(မေတ္တာပီတိ ပရဟိတအသင်း)**

## အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်(၁၁)၊ အခန်း(၅)နေ (ဦးသန်းဦး)-ဒေါ်မြင့်ရီ တို့၏သားလတ်၊ (ဦးတင်သန်း)-ဒေါ်တင်ရွှေတို့၏ သားသမက်၊ ဦးသာမိုး-ဒေါ်ကေသီဦး၊ ဦးမိုးနိုင်ဦး-(ဒေါ်မြင့်မြင့်ခင်)တို့၏ ညီ/မောင်၊ ဦးနေဝင်းကျော်-ဒေါ်သိမ့်သန္တာဦးတို့၏အစ်ကို၊ မောင်ရှိုင်းလင်းအောင်(Myanmar Unique Fast Shipping)၊ မောင်ပြည့်ဖြိုးလင်း(Lotte Hotel)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်စံပယ်၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၉-၂၀၂၄(သောကြာနေ့) ညနေ ၄:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၈-၉-၂၀၂၄(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၉-၂၀၂၄(ကြာသပတေးနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာ၊ ကွင်းအမှတ်နှင့် အမည်- ၆၁၉/A၊ ကျိုက္ကမော့မြောက်၊ ဦးပိုင်အမှတ်(၈၀)ဟုခေါ်တွင်သော မြေဧရိယာ(၁.၂၂)ဧကရှိ ဥယျာဉ်ခြံမြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဦးမြင့်အောင်** [၁၂/လမန(နိုင်)၁၀၇၇၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးအောင်ကျော်ကျော်** [၁၂/မဂတ(နိုင်)၀၂၀၅၉၇]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါခိုင် LL.B, D,B,L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၅)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၇၁၉**

MOEE
YESC

နေ့အခါတွင် သဘာဝအလင်းရောင်ကိုသာ အဓိကထား
သုံးခြင်းဖြင့် လျှပ်စစ်ဓာတ်အားကို ချွေတာပါ။



**ဘုရား၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်စိုး (B.E Civil)

**လက်ထောက်ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်(ငြိမ်း)**
**Project Director Max Myanmar Co.,Ltd(ငြိမ်း)**

## အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ(ဦးနိုင်ဝင်း-ဒေါ်ငြိမ်းမြ)တို့၏သား၊ (ဦးနေဝင်း)၊ (ဒေါ်မြမြဝင်း)၊ (ဦးစန်းဝင်း)-ဒေါ်နန်းလှယဉ်၊ (ဦးအောင်ဝင်း)၊ [ဦးကျော်ဇင်(ဦးစီးအရာရှိ စစစ-ငြိမ်း)-ဒေါ်ချိုချိုမြင့်]တို့၏ ညီ/မောင်၊ [ဦးမိုက်ကယ်ညိုလေး(လေယာဉ်မှူးကြီး-ငြိမ်း၊ မြန်မာ့လေကြောင်း)-ဒေါ်စန္ဒာဝင်း(အထက်တန်းပြ-ငြိမ်း)၏]တို့၏အစ်ကို ဦးကျော်စိုးသည် ၆-၉-၂၀၂၄(သောကြာနေ့)နံနက် ၅:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၉-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အမှတ်-၁၉၅/ခ၊ ဇေယျာမြိုင်လမ်း၊ တောင်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်စိုး (B.E Civil)

**လက်ထောက်ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်(ငြိမ်း)**
**Project Director Max Myanmar Co.,Ltd (ငြိမ်း)**

## အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ(ဦးနိုင်ဝင်း-ဒေါ်ငြိမ်းမြ)တို့၏သား၊ ကိုစိုင်းဝင်းသူရိန်၊ မအေးခိုင်မွန်၊ မနန်းဝင်းအိချော၊ ကိုမင်းကျော်စွာထက်၊ မမြစန္ဒီမွန်၊ မအိသဉ္ဇာမွန်၊ မနှင်းကေခိုင် တို့၏ ချစ်လှစွာသော ဦးလေး ဦးကျော်စိုးသည် ၆-၉-၂၀၂၄(သောကြာနေ့)နံနက် ၅:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၉-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အမှတ်-၁၉၅/ခ၊ ဇေယျာမြိုင်လမ်း၊ တောင်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်းစံပြကျေးရွာမြောက်ပိုင်း၊ ရွှေနှင်းဆီလမ်း၊ အမှတ်(၆၉၁)ပေါ်တွင်တည်ရှိသော ကျေးရွာအမည်-ကုန်းတလပေါင်း ကွင်းအမှတ်-၅၂၉(စီ)၊ ကွင်းအမည် ဂုံညှင်းနီတောအရှေ့၊ ဦးပိုင်အမှတ်(၂၅)၊ ခြံမြေအကွက်အထဲမှ မြောက်မှတောင်လားသော်-၈၀ ပေ x အရှေ့မှအနောက်လားသော် ၁၀၀ ပေ အကျယ်အဝန်းရှိ ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ၎င်းမြေပေါ်ရှိ အိမ်ခြံမြေအား စာချုပ်စာတမ်းများအရ ဒေါ်အုံးရီ (ဘ)ဦးထွန်းရှိန် [၁၂/မဂဒ(နိုင်)၀၅၃၇၆၇] ကိုင်ဆောင်သူမှ လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး၊ ၎င်း၏ မြေးတော်စပ်သူများဖြစ်ကြသော သားကြီးဖြစ်သူ မောင်လွင်ဖြိုးအောင် [၁၂/မဂဒ(နိုင်)၁၉၃၃၀၉]၊ သမီးလတ်ဖြစ်သူ မနန်းချယ်ရီမြင့်၊ သားငယ်ဖြစ်သူ မောင်အောင်နိုင်မြင့်တို့အား ၎င်းပိုင်ဆိုင်သော အိမ်ခြံမြေအား အပြီးအပိုင် မေတ္တာဖြင့် အပိုင်ပေးအပ်မည်ဖြစ်ပါသည်။

ဒေါ်အုံးရီမှ ၎င်းမြေးတော်စပ်သူ (၃)ဦးအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက်နေ့တွင် ၎င်းပိုင်အိမ်ခြံမြေအား အပြီးအပိုင်လွှဲအပ်ပေးမည်ဖြစ်ပါသောကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်ပါကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်မင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၀၁)**
**အမှတ်(၂၂)၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ ပ.လ.ရ၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၅၁၁၂၈၇၇၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးလွင် [၁၂/ဆကန(နိုင်)၀၀၂၃၆၆] ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျောင်းကုန်းမြောက်ကွင်း၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၇၂/က)၊ ဥယျာဉ်ခြံမြေ(၁.၇၂)ဧကရှိ မြေကွက်သည် သန်လျင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် ဦးစိန်မင်း [၁၂/သလန(နိုင်)၀၇၅၄၀၁] ကိုင်ဆောင်သူမှ ဥယျာဉ်ခြံမြေ အမည်ပေါက်အဖြစ်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်သန်း [၁၂/သလန(နိုင်)၀၅၇၀၄၅] ကိုင်ဆောင်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်၍ ယင်းမြေကွက်အနက်မှ အမှတ်(၃၃-A)၊ (၃၂-B)၊ ရွှေကုက္ကို(၃)လမ်း၊ မြေဧရိယာ(၃၉၀၀)စတုရန်းပေရှိဥယျာဉ်ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုစကားကမ်းလှမ်းချက်အရ ကျွန်ုပ်မိတ်ဆွေက အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အေးအေးလွင်**
**[၁၂/ဆကန(နိုင်)၀၀၂၃၆၆]**

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဦးအောင်နိုင်စိုး(LL.B) (စဉ်-၉၈၈၂)(၂၉-၄-၂၀၁၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊**
**၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**Ph:၀၉-၄၅၇၂၉၃၃၄၄၊ ၀၉-၇၉၈၁၉၃၂၉၉၊ ၀၉-၄၄၃၁၉၃၃၄၄**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သင်းသင်းဝေ

## အသက်(၇၀)နှစ်

ဦးတင်ဝေ (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၏ ဇနီး ဒေါ်သင်းသင်းဝေ အသက်(၇၀)နှစ်သည် ၇-၉-၂၀၂၄ ရက် နံနက် ၂ နာရီတွင် အာယုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဇော်ဝင်းထွန်း-ဒေါက်တာမြတ်သင်းကိုမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သင်းသင်းဝေ

## အသက်(၇၀)နှစ်

ဦးတင်ဝေ (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၏ ဇနီး ဒေါ်သင်းသင်းဝေ အသက်(၇၀)နှစ်သည် ၇-၉-၂၀၂၄ ရက် နံနက် ၂ နာရီတွင် အာယုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သိပ္ပံနှင့်နှင့်နည်းပညာဝန်ကြီးဌာန**
**ဝန်ထမ်းမိသားစု**

## အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွေးယုယုအောင်(ခ)ဒေါ်နွေးနွေးယု(ဘ) ဦးအောင်ကျော်စိုး [၇ / ဖမန(နိုင်)၁၂၅၀၆၄] မှ ရိုးမဘဏ်လီမိတက်၊ အမှတ်(၁၉၂)၊ Myanmar Center Tower, Level (5,6,7,8) Tower(2), (HAGL)အားရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၂-၁၀-၂၀၂၁)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၂၈၂/၂၀၂၁)အရ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နွေးယုယုအောင် (ခ) ဒေါ်နွေးနွေးယု၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B) အထက်တန်းရှေ့နေ (စဉ်- ၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၄၈)၊ (၅)လွှာ မျက်နှာမူလျှင် ယာ ရေမီးစုံလင်စွာ ပါရှိသော တိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယင်းမာမြင့် [၃/ဘအန(နိုင်)၁၅၂၁၉၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံတိကျသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းနိုင် (B.A, H.G.P, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၄၄၆)**
**အမှတ်(၃၁)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-421019781**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ခွန်နီ(၁)လမ်းနှင့် ရွှေဝါလမ်းထောင့်၊ အမှတ်(၇၉)နေ ဦးသိန်းဝင်း [၁၂/မရက (နိုင်) ၀၈၄၈၈၃] နှင့် ဒေါ်ရင်ရင်မြင့် [၉/မကန(နိုင်)၀၁၇၄၅၉]တို့၏ (၂)ဦးပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၉/သုဝဏ္ဏ)လုံးချင်း၊ မြေကွက်အမှတ်-(၇၉)၊ မြေကွက်အကျယ်အဝန်း (၀.၀၈၃)ဧက၊ အမည်ပေါက် ဦးသိန်းဝင်း+ဒေါ်ရင်ရင်မြင့်တို့မှ ပိုင်ဆိုင်သော မြေကွက်နှင့် (၂)ထပ်တိုက်အိမ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ်(၂၀)နေ ဦးတင်လှိုင်(ခ)ဦးဆွတ်ဒေးမှ နှစ်ဖက်အရောင်းအဝယ်သဘောတူ၍ (၅-၉-၂၀၂၄)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် မည်သူမဆို ပိုင်ရေးဆိုင်ခွင့်ရှိသူနှင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာဝင်း(LL.B, DBS) အထက်တန်းရှေ့နေ (စဉ်-၅၁၇၇၃/၂၀၁၉)**
**ရုံး-အမှတ်-၅၉၁၊ ရတနာသီရိလမ်း၊ (ဆ/က) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။**
**Ph:09-965555989, 09-421120377**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဘုရားလမ်းနေသူ ဒေါ်သင်းလှ(ဘ)ဦးအေးမောင် အနေဖြင့် မိမိပိုင်ဆိုင်သော အထက်ပါလိပ်စာတွင်နေထိုင်ပြီး သားဖြစ်သူ ဦးဝင်းနိုင်နှင့် ချွေးမဖြစ်သူ ဒေါ်တင်နီလာဝင်းတို့ မိသားစုကို မိမိ၏နေအိမ်ပေါ်တွင် အခမဲ့နေထိုင်ခွင့်ပြုထားသော်လည်း သားနှင့်၎င်း၏ဇနီးတို့လင်မယားမှာ မကြာခဏ စကားများရန်ဖြစ်ကြပြီး ဒေါ်သင်းလှအား စိတ်ဆင်းရဲအောင် အမျိုးမျိုးရိုင်းစိုင်းစွာပြုမူပြောဆိုဆက်ဆံခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်း စသည်ဖြင့် အမျိုးမျိုးစော်ကားသဖြင့် သားနှင့်ချွေးမဖြစ်သူ ဦးဝင်းနိုင်နှင့် ဒေါ်တင်နီလာဝင်းတို့ မိသားစုနှင့် ၎င်းတို့နှင့်ဆက်နွယ်သူများအားလုံးကို ဒေါ်သင်းလှအနေဖြင့် မိမိနေအိမ်တွင် ဆက်လက်နေထိုင်ခွင့်မပြုလိုတော့ကြောင်းနှင့် ယနေ့မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်အပြီးအပိုင်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၀၂)(၁၆-၁-၂၀၁၈)**
**အမှတ်(၂၈၆)၊ အမှတ်(၁၂)ရပ်ကွက်၊ ခရမ်းမြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ကြမ်းများ၊ သွင်းအားစုများ ပြည့်မီစွာရရှိရေးပင်ဖြစ် ....

❖ ပြည်တွင်းစိုက်ပျိုးမွေးမြူရေးမှ ရရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် သေချာသည့် ကုန်ထုတ်လုပ်ငန်းပင်ဖြစ်သဖြင့် ကုန်ကြမ်းများကို နည်းပညာများအသုံးပြု၍ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လို ....

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**

(၃၇)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ Woman Team Regu ပြိုင်ပွဲ၌ မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအသင်း ကြေးတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ စာမျက်နှာ » ၆

စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ဖို့ မြေဆီလွှာထိန်းသိမ်းစို့ ဆောင်းပါး စာမျက်နှာ » ၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဩဂုတ်လအတွင်း ရေကြီးမှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ သန်း ၂၈၀ ဆုံးရှုံးခဲ့ စာမျက်နှာ » ၁၃


## ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုအဆင့်ပွဲစဉ်တွင် အီတလီအသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



ဘယ်လ်ဂျီယံအသင်းနှင့် အစ္စရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပြင်သစ်အသင်းနဲ့ အီတလီအသင်းတို့ စက်တင်ဘာ ၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုအဆင့်ပွဲစဉ်မှာ အီတလီအသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ဟာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရ**

အီတလီအသင်းဟာ နာမည်ကြီးပြင်သစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး အီတလီအသင်းက ပြင်သစ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းက ပထမပိုင်းပွဲစပြီး တစ်မိနစ်မှာပင် ဘာကိုလာရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပေမယ့် အီတလီအသင်းက ပွဲကစားချိန်မိနစ် ၃၀ မှာ ဒီမာကိုရဲ့သွင်းဂိုး၊ ၅၁ မိနစ်မှာ ဖရက်တီစီရဲ့သွင်းဂိုးနဲ့ ၇၄ မိနစ်မှာ ရက်စ်ပါဒိုရီတို့ရဲ့သွင်းဂိုးတွေရရှိခဲ့လို့ အီတလီအသင်းက ပြင်သစ်အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❂

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။



အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး စက်တင်ဘာ ၈ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေ)တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL အမှတ်ပေးပြိုင်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်း အမှတ်ပြည့်ရရှိ

**ရန်ကုန် စက်တင်ဘာ ၇**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) ဒုတိယနေ့ကို စက်တင်ဘာ ၇ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ဟံသာဝတီယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍